# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၃၈)
■ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ ကြာသပတေးနေ့


# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အတူ ဇနီးဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ **စာမျက်နှာ ၁၅ ကော်လံ ၁**☆




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအားဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့၏ ကြေညာချက်နှင့် ထုတ်ပြန်ပြောကြားချက်များအပေါ် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်

(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ နေပြည်တော်)

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံအချို့က ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများအပါအဝင် သတင်းဖော်ပြချက်များ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နောက်ဆက်တွဲဖြစ်စဉ်များသည် အာဆာအကြမ်းဖက်အဖွဲ့၏ တစ်ပြိုင်နက်တည်း အကွက်ချကြိုတင်စီစဉ်စတင်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဆိုသည့်အချက်ကို အဆိုပါကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များတွင် အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁** ➤

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များလှူဒါန်း



နီပေါ စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသမှ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်လေယာဉ် Y8 ဖြင့် ရန်ကုန်မြို့မှ နီပေါနိုင်ငံ၊ ကတ္တမန္ဒူးမြို့ရှိ **စာမျက်နှာ ၁၀ ကော်လံ ၄** ▲

## မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေးညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

မြန်မာနိုင်ငံ၊ နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားနိုင်ငံ၌ တရားမဝင် နေထိုင်မှုများနှင့်အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ (၁၀၈၆)ဦးကို **စာမျက်နှာ ၁၀ ကော်လံ ၄** ➟

မြဝတီ ဆောင်းပါး

**အနာဂတ်တွင် ပိုမိုလင်းလက်တောက်ပလာမည့် လူငယ်မောင်မယ်များ**

စာ - ၁၂ သို့

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃ ရက်

# ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများကို အများဆုံးလုပ်ဆောင်နေသည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာတို့၏ အစဉ်အလာအသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သည်။ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်နှင့်အညီ ခေတ်မီနည်းပညာများဖြင့် ပိုမိုတိုးတက်အောင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** မူဝါဒနှင့်အညီ ကုန်ထုတ်လုပ်မှုမြင့်မားရေးကိုဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မွေးမြူရေးဇုန်များဖွဲ့စည်းတည်ဆောက်ကာ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဇုန်များအလိုက် ကော်မတီများဖွဲ့စည်းထားရှိပြီး မွေးမြူရေးဇုန်များကို အပိုင်းအလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများမွေးမြူထားရှိပြီး မွေးမြူရေးဇုန်များမှ အသား၊ ငါးနှင့်ဥများထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ မွေးမြူရေးဇုန်များအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးရေတင်လုပ်ငန်းများဖြင့် ရေဖြန့်ဝေပေးလျက်ရှိသည်။ ထို့ပြင် ဇုန်များအလိုက် လျှပ်စစ်မီးလုံလောက်စွာရရှိရေးဆောင်ရွက်ပေးခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ပေးထားခြင်း၊ အရိပ်ရလေကာပင်များစိုက်ပျိုးထားရှိခြင်း၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အစာများလုံလောက်စွာရရှိနိုင်ရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ်ဆောင်ရွက်နေခြင်းများကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များအတိုင်းဆောင်ရွက်ထားပြီးဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားရာတွင် **"ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်လိုအပ်ချက်များကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံကိန်းဂဏန်းအချက်လက်များပြည့်စုံပြီး မှန်ကန်မှုရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့်ဥများ လုံလောက်စွာဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများက စီမံတွက်ချက်လျာထားဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ချထားပေးသည့်မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများမရှိအောင်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့်အောင်ရေ လုံလောက်စွာရရှိရန်လိုသကဲ့သို့ တိရစ္ဆာန်များအတွက်လည်း သန့်ရှင်းသောရေလုံလောက်စွာရရှိရန်လိုအပ်သည်။ မွေးမြူရေးလုပ်ငန်းများနည်းစနစ်တကျမွေးမြူပြီး အထွက်နှုန်းများတိုးတက်ကောင်းမွန်လာစေရေး အကောင်အရေအတွက်အလိုက် လိုအပ်မည့်မွေးမြူမည့်နေရာပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်၊ စဉ်ဆက်မပြတ်သည့်မွေးမြူထုတ်လုပ်မှုစသည်ဖြင့် စနစ်ကျသည့်မွေးမြူရေးအစီအမံများလည်းရှိရမည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအသား၊ ငါးနှင့်ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များက ထုတ်ကုန်များကို ဈေးနှုန်းသက်သက်သာသာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက်ဖြစ်ပေရာ ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကော့သောင်း စက်တင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ လူစည်ကားရာနေရာများ၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေယုနှင့် တာဝန်ရှိသူများက ကော့သောင်းမြို့ လူစည်ကားရာအဝိုင်းပတ်၊ နာရီစင်နှင့် ကမ်းနားလမ်းတို့တွင် ရေဘေး၊ မုန်တိုင်းဘေးနှင့်လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း ကြိုတင်ပြင်ဆင်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝဘေးဖြစ်ပေါ်နေချိန်၊ ဖြစ်ပေါ်ပြီးချိန် လိုက်နာဆောင်ရွက်ရန်နှင့် အသိပညာပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (၄၁၂)

## လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြုသင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူများအားလုံး ကျန်းမာရေးနှင့်ညီညွတ်စွာ ကိုင်တွယ်သုံးစွဲနိုင်စေရန်ရည်ရွယ်၍ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြု အမှတ်စဉ်(၃၅) သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က အဖွင့်အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်) ရန်ကုန်မှ ဒုတိယညွှန်ကြားရေးမှူး သင်တန်းမှူး ဒေါ်ဆိုင်းရော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပို့ချမည့်ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးလှမိုးကျော်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပိုးသတ်ဆေးလက်လီလက်ကား အရောင်းဆိုင်များ၊ ပိုးသတ်ဆေးကုမ္ပဏီများနှင့် ခြင်ဆေးခွေလုပ်ငန်းရှင်တို့၏ ပိုးသတ်ဆေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀၀ ဦးခန့်ကို သုံးရက်ကြာ နည်းပြ ၁၀ ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အလင်းသစ်(ချမ်း/စည်ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၀၈:၃၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၅။ ၁၀:၄၀ ဆောင်းပါးပေါ်မှစာစုများ
၆။ ၁၂:၁၅ လေးစားအတုယူစံနမူနာ သူရဲကောင်းများ
၇။ ၁၂:၃၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၃:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ
၉။ ၁၄:၁၅ သစ်တောသယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်
၁၀။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ရိုးရှင်းသောဘဝ အပိုင်း(၅)**

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ချင်းပြည်နယ်၊ တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက်မြန်မာနိုင်ငံတော်သမိုင်းနှင့်တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရှု၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်း၊ ရဲဘော်သုံးကျိပ်သမိုင်း၊ ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့်တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။





“ပထမဆုံးအနေနဲ့ကတော့ စစ်သမိုင်းပြတိုက်ဆိုတာ ပညာရပ်ပေါင်းစုံပြသပေးတဲ့ နေရာတစ်ခုဖြစ်တဲ့အတွက် ပညာရေးဆိုင်ရာမှာရော သင်ကြားမှုဆိုင်ရာမှာပါ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ စာသင်ခန်းထဲမှာ သင်ကြားရတဲ့သမိုင်းတွေ စာတွေ့တွေကို ပြတိုက်မှာလာပြီးတော့ လက်တွေ့လေ့လာရတဲ့အတွက် စာတွေ့နဲ့ လက်တွေ့ပေါင်းစပ်ပြီး ဗဟုသုတတွေလည်း တိုးပွားလာပါတယ်၊ သမီးတို့ ပထမဆုံးရောက်တဲ့အခါမှာဆိုလို့ရှိရင် ပြတိုက်တာဝန်ရှိသူတွေက ပြတိုက်ရဲ့ ရည်ရွယ်ချက်တွေ၊ သမိုင်းကြောင်းတွေ၊ ပြတိုက်အတွင်းရဲ့ ကဏ္ဍအလိုက် ပြကွက်ပြခန်းတွေကို လိုက်လံပြီးတော့ ရှင်းပြပေးပါတယ်၊ အခုလို မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ သိရှိသင့်တဲ့ သမိုင်းကြောင်းတွေကို သိရှိရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နောက်လည်း ဒီလိုအခွင့်အရေး၊ ဒီလိုလေ့လာရတဲ့ အခွင့်အရေးမျိုး ရချင်ပါသေးတယ်” ဟု ပြောသည်။

“ကျွန်တော် ဒီနေ့စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့ အတွက်လည်း ကျွန်တော် အရမ်းကိုဂုဏ်ယူပြီးတော့ ဝမ်းသာမိပါတယ်။ ကျောင်းမှာသင်နေတဲ့ သမိုင်းစာအုပ်တွေထဲကသာမကဘဲနဲ့ပေါ့နော်။ အပြင်လက်တွေ့မှာ စစ်ပညာတွေရော စစ်ပစ္စည်းတွေရော မျက်မြင်ကိုယ်တွေ့လေ့လာခဲ့ရတဲ့အတွက်ကြောင့် ပိုပြီးတော့လည်း ဗဟုသုတတွေရတယ်ပေါ့နော်။ ပိုပြီးတော့လည်းမှတ်မိသွားပါတယ်။ ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်သည်တွေရဲ့ ရာဇဝင်တွေ၊ သမိုင်းတွေကိုကြည့်ပြီးတော့ ကျွန်တော်တို့ လေးစားဂုဏ်ယူအားကျရတယ်ပေါ့နော်၊ လေတပ်ကတော့ ကျွန်တော်အကြိုက်ဆုံးဖြစ်ပါတယ်။ ယင်ယင်ကတည်းကလည်း စိတ်ဝင်စားတယ်။ ကျွန်တော်တို့ ကျောင်းသားတွေကို နောက်ထပ်လည်း ဒီလိုမျိုး လေ့လာရေးခရီးလေးတွေ၊ ပိုပြီးတော့ ကျွန်တော်တို့ ပညာဗဟုသုတတွေ ကြွယ်ဝအောင်လုပ်ပေးနိုင်ပါစေလို့လည်း ကျွန်တော်တောင်းဆိုချင်ပါတယ် ခင်ဗျာ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မိမိရီလည်း မိခင်အိပ်ပျော်နေသဖြင့် အိမ်ဦးခန်းတွင် မောင်ထွန်းမြတ်ကို နေရာထိုင်ခင်းပေး၍ မောင်ကြီး၏အကြောင်းကို စဉ်းစားလျက်နေရာ မောင်ထွန်းမြတ်လည်း တစ်စုံတစ်ခုကို စိတ်ကူးလျက် မိမိရီကို စိုက်၍ကြည့်နေလေ၏။ ဤသို့ နှစ်ဦးစလုံး စကားမပြောဘဲ အတန်ကြာနေကြပြီးနောက် မိမိရီက မောင်ထွန်းမြတ်သည် မိမိအားစိုက်၍ကြည့်နေသည်ဟု အောက်မေ့သဖြင့် မော်ကြည့်လိုက်ရာ မောင်ထွန်းမြတ်က “မိမိရီ ကျုပ်တစ်ခုပြောမယ် နားထောင်မလား”ဟုမေးလျှင် မိမိရီသည် မောင်ထွန်းမြတ်မျက်နှာကို မြင်သဖြင့် ပြောမည့်စကားကိုရိပ်မိ၍ မျက်နှာကိုအောက်သို့ချနေလေလျှင် “ဟိုတုန်းက မပြောမိတဲ့စကား အခုပြောရင် မိမိရီက နားထောင်ဦးမလား” ဟု မေးလေကြောင်း၊ မိမိရီသည် ဦးခေါင်းကိုခါလျက်နေလျှင် “ဘာဖြစ်လို့လဲ၊ ကဲ... တိုးတိုးကလေးပြောစမ်းပါဦး” ဟု အနီးသို့တိုး၍လာပြီး “ဟိုတုန်းက တစ်ယောက်နဲ့ဖြစ်ပြီးလို့လား၊ ဟုတ်လား” ဟုမေးရာ မိမိရီသည် အဘယ်အတွက်ကြောင့်မသိ မျက်ရည်လည်လျက် “မဟုတ်ပါဘူးရှင်၊ ဟိုညက ကျွန်မပြောမိတာသတိရလို့ပါ၊ ရှင်က ဒီဟာကြောင့် ကျွန်မကို အားနာလို့၊ သနားလို့ပြောလာတာ မဟုတ်လား”

“မဟုတ်ပါဘူး မိမိရီရယ်၊ တကယ့်ကိုစုံမက်လို့ချစ်ခင်လို့...” ဤကဲ့သို့ မောင်ထွန်းမြတ်နှင့်မိမိရီတို့ နှစ်ယောက်တည်း စကားပြောနေကြစဉ်အတွင်းတွင် မောင်ထွန်းမြတ်အိမ်မှထွက်သွားသော မောင်ဘချိုသည် မှောင်ရိပ်တို့မှခိုလျက် ဦးခေါင်းကိုငုံ့၍ လျင်မြန်စွာလျှောက်သွားရာ လမ်းမီးတိုင်တစ်ခုအောက်တွင် တခြားသူတစ်ယောက်နှင့် ထိုးချင်းတိုက်မိ၍ မီးရောင်တွင် နှစ်ဦးသား မျက်နှာချင်းဆိုင်လျက် ကြည့်နေကြရာ ထိုသူက မောင်ဘချိုအား “ဘယ့်နှယ်အကောင်လဲ မျက်စိမပါဘူးလားကွဲ့”ဟု မေးလိုက်လျှင် မောင်ဘချိုမှာ ပထဝီမြေကြီးသည် မိမိခြေအောက်တွင် အက်ကွဲ၍ မိမိအားမျို၍သွားလျှင် ကောင်းလေစွဟု အောက်မေ့လျက် “အမယ်လေးဗျ” ဟု အော်ပြီးလျှင် ထွက်ပြေးသောအခါ ကျန်ရစ်သူဝန်ထောက်မင်းမှာ ငေး၍ကြည့်လျက် “ဘယ့်နှယ်အကောင်ပါလိမ့်” ဟု ပြော၍ လမ်းကို ဆက်လက်သွားလေ၏။

နောက်တစ်နေ့ညနေ၌ မဂျမ်းပုံသည် နှာစေးပျောက်သဖြင့် အိမ်ဦးခန်းတွင် မောင်ထွန်းမြတ်နှင့် ထိုင်နေကြကြောင်း၊ မောင်ထွန်းမြတ်သည် မိမိအိမ်ထောင်ပြုမည့်အကြောင်းကို အစ်မကြီးအား ပြောမည်ဟုအောက်မေ့၍ “ခင်စိန်ကြည်နဲ့ အကြောင်းပါကြတုန်းက အစ်မကြီးကိုမတိုင်ပင်တဲ့အတွက် အစ်မကြီးက ကျွန်တော့်ကို အပြစ်တင်တယ်မဟုတ်လား”

“အပြစ်တင်ရမှာပဲလေ ငါ့ကို မင်းအစကတိုင်ပင်ရင် မင်း ဒီလို အရှက်တကွဲအကျိုးနည်းဖြစ်ရပ့ါမလား”ဟု ပြောလျှင် “လွန်ပြီးအမှုကို ထပ်မပြောပါနဲ့ အစ်မကြီးရယ်၊ ရှေ့ဖို့အရေးကိုသာ ပြောပါ၊ ဒါကြောင့် ကျွန်တော်က ဒီတစ်ခါဖြင့် အစ်မကြီးကို စောစောစီးစီးက တိုင်ပင်ရမှာပဲ၊ ကျွန်တော် မိန်းမယူတော့မလို့”

“ဘယ့်နှယ် ဘာပြောတယ်”

“ကျွန်တော် မိန်းမယူတော့မယ်လို့”

“မင်းကလေ”

“ဟုတ်တယ် ကျွန်တော်ပေါ့၊ ဘာဖြစ်သလဲ၊ ဘာများအံ့ဩစရာရှိသလဲ အစ်မကြီးရဲ့”

“မလုပ်ပါနဲ့ မောင်ထွန်းမြတ်ရယ်၊ သူများမတော့တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သတဲ့၊ မင်းကတော့ တစ်ခါကြုံလို့လည်းမမှတ် နောက်တစ်ခါ ထပ်ယူဦးမယ်ပေါ့လေ”

“အဲဒါကြောင့် ကျွန်တော် အစ်မကြီးကိုမတိုင်ပင်ဝံ့တာပဲ၊ ကျွန်တော်က အစ်မကြီးရယ်လို့ တိုင်ပင်ပြီဆိုမှဖြင့် အစ်မကြီးက ဒီလိုချည်းပြောတာပဲ၊ ကျွန်တော့်ကို အစ်မကြီးက ကလေးလေးအောက်မေ့နေသလား အစ်မကြီးရဲ့”

“မသိတတ်တဲ့လူကျတော့ ကလေးလိုပဲမှတ်ရတယ် မောင်ရေ့၊ ဘယ့်နှယ်တော် တစ်ယောက်ယူလို့ မှားမှန်းသိရဲ့နဲ့ နောက်တစ်ယောက်ယူဦးမယ်ဆိုလို့ တော်နိုင်မလားကွဲ့”

“အစ်မကြီးက အစ်မကြီးအိမ်ထောင်မပြုချင်တာနဲ့ သူများလည်း အိမ်ထောင်မပြုရဘူးလား အစ်မကြီးရဲ့၊ အစ်မကြီးက လွတ်လွတ်လပ်လပ်နေတာကြိုက်တယ်၊ ကျွန်တော်က မိန်းမနဲ့နေရတာကြိုက်တယ်၊ အကြိုက်ချင်းမတူကြဘူးပေါ့”

“အေးပါ... ယူပါ ယူပါ၊ တော်တော်ကြာတော့သာ ဟိုတစ်ယောက်လို အရှက်ခွဲသွားဦးမယ် သတိထား” ဟု ပြောလျှင် မောင်ထွန်းမြတ်သည် မျက်နှာပျက်၍ သွားသော်လည်း ဒေါသအလျောက် ပြန်၍မပြောဘဲ “ဒီတစ်ယောက်ကတော့ ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော်သိပါတယ်”

“ဘယ်သူလဲ မောင်၊ ပြောစမ်းပါဦး ဒီတစ်ယောက်က”

“ဘယ်သူပဲဖြစ်ဖြစ် အစ်မကြီးကတော့ အပြစ်ရှာဦးမှာပါပဲ၊ ရှင်ဘုရင့်သမီးဆိုလည်း အပြစ်ရှာမှာပဲ၊ ကူလီမကလေးဆိုလည်း အပြစ်နဲ့ပဲ၊ အစ်မကြီး အပြစ်တင်တော့ လွတ်နိုင်မှာမဟုတ်ပါဘူး”

“တင်စရာရှိ တင်ရလိမ့်မလေ၊ ဟိုက နယ်ပိုင်ဝန်ထောက်မင်းသမီးမဟုတ်လား”

“မဟုတ်ပါဘူး အစ်မကြီးရယ်၊ စိတ်တောင်မကူးမိပါဘူး၊ သူကလည်း စိတ်ကူးမှာမဟုတ်ပါဘူး”

“ဒါဖြင့် ဘယ်သူလဲကွဲ့”

“မိမိရီ”

“ဟေ...”

“လူမိုက်၊ လူရူး၊ ဝမ်းတွင်းရူး၊ မင့်တစ်သက်လုံး မှားနေတာ မင်းကအမိခံတယ်ပေါ့လေ”

“မမှားရှာပါဘူး အစ်မကြီးရယ်၊ မှားတဲ့လူများက မှားကြပါရဲ့၊ မိမိရီကဖြင့် မမှားရှာပါဘူး၊ ဒါနဲ့ အစ်မကြီး ကျွန်တော်တစ်ခုပြောချင်တယ်”

“ဘာလဲ”

“မိမိရီ ဒီရောက်ရင် အစ်မကြီးအိမ်ပြောင်းရလိမ့်မယ်”

“အလို ... ဘာဖြစ်လို့လဲ မောင်၊ ငါဘာဖြစ်လို့ ပြောင်းရမလဲ၊ ငါ မပြောင်းနိုင်ပါဘူး” ဟု ပြောလျှင် မောင်ထွန်းမြတ်သည် ဦးခေါင်းကိုယမ်း၍-

“ဒါတော့ မလုပ်နဲ့ အစ်မကြီး မရဘူး”ဟု ပြောလေကြောင်း-ထိုအခါ မဂျမ်းပုံက “ဘယ်သူကပြောသလဲ မရဘူးလို့”

“ကျွန်တော်ကပြောတာ အစ်မကြီးရေ့၊ ဟိုညက မစောပြောတာ အစ်မကြီးမေ့ပြီလား၊ ဒီတစ်ခါတော့ ကျွန်တော် ဒီလိုအဖြစ်မခံနိုင်ဘူး” ဟုဆိုလျှင် မဂျမ်းပုံသည် ၎င်းအကြောင်းနှင့်စပ်၍ပြောလျှင် မခံနိုင်သဖြင့် ပြန်၍မပြောဘဲ မျက်နှာပျက်လျက်နေလေ၏။

“ကျွန်တော်က အစ်မကြီးလည်း အပြစ်မတင်ချင်ပါဘူး၊ အစ်မကြီးက တစ်သက်လုံးက ကိုယ့်အိမ်ကိုယ် ဦးစီးလာခဲ့တော့ ဘယ်မှာပဲနေနေ ဦးစီးချင်ပေမှာပဲ၊ သို့သော်လည်း တစ်အိမ်တည်းမှာ နှစ်ယောက်ဦးစီးလို့ မဖြစ်နိုင်ပေဘူး အစ်မကြီးရဲ့၊ ဒီတော့ အစ်မကြီးလည်း အစ်မကြီးအိမ်နဲ့ အစ်မကြီးနေမှ နေရာကျမယ်”

“ဟိုတုန်းက မင်းက ဘာဖြစ်လို့ ဒီလိုမပြောသလဲ”

“ဟိုတုန်းကတော့ ကျွန်တော်က ဒီလိုဟာတွေ သိမှမသိဘဲ၊ အခုမှသိတာကိုး အစ်မကြီးရဲ့၊ အစ်မကြီးအိမ်မှာငှားနေတဲ့လူတွေ ရှေ့လသွားကြမယ်ဆို”

“ဟုတ်တယ်၊ သို့သော် ငါအခုပြောမယ် မောင်ထွန်းမြတ်၊ အဲဒီအိမ်ကို မင်းပြောင်းနေပြီး ငါက ဒီပြင်အိမ်ငယ်ငယ်တစ်ခုရှာနေရင် သာမကောင်းဘူးလား၊ ဒီအိမ်ကြီးကိုတော့ မင်းတို့နေဖို့ ကြီးလွန်းတယ်ကွဲ့၊ အငှားချလိုက်ရင် တစ်လ ၁၅၀ လောက်ဆိုရင်နည်းသလား”

“၁၅၀ ငွေ ကျွန်တော် မလိုချင်ဘူး အစ်မကြီးရယ်၊ ကျွန်တော့်အိမ်နဲ့ ကျွန်တော်ရှိပါစေ”

“ကောင်းပါပြီတော်၊ ငါပြောင်းသွားရင် ငါရတဲ့ ငွေတိုး ငါသုံးမှာသိရဲ့လား”

**ဆက်လက်ဖော်ပြပါမည်။**

---

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်**

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၃-၉-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၁၀ | ၃၈၆၅ | ၃၈၁၅ | ၃၇၂၅ | ၃၈၆၅ | ၃၈၈၀ | ၃၉၁၅ | ၃၇၉၅ | ၄၁၆၀ | ၄၁၉၀ | ၃၈၁၅ | ၃၉၃၀ | ၃၉၀၅ | ၃၈၆၅ | ၃၈၇၅ | ၄၁၀၅ |
| 95 Ron | ၃၈၁၅ | ၃၉၇၀ | ၃၉၂၀ | ၃၈၃၀ | ၃၉၇၅ | ၃၉၈၅ | ၄၀၂၀ | ၃၉၀၀ | ၄၂၇၀ | ၄၂၉၅ | ၃၉၂၀ | ၄၀၅၀ | ၄၀၁၀ | ၃၉၇၀ | ၃၉၈၀ | ၄၂၁၀ |
| HSD (500 ppm) | ၄၂၄၀ | ၄၃၈၅ | ၄၃၄၀ | ၄၂၅၅ | ၄၃၉၀ | ၄၄၀၅ | ၄၄၃၅ | ၄၃၂၀ | - | ၄၇၀၀ | ၄၃၄၀ | ၄၈၅၀ | ၄၄၂၅ | ၄၃၈၅ | ၄၃၉၅ | ၄၆၁၅ |
| HSD (50 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၅၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | ၅၅၉၀ | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |
| HSD (10 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၅၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၁၀ | ၃၆၁၄ |
| 95 Ron | ၃၆၁၃ | ၃၇၁၉ |
| HSD (500 ppm) | ၄၀၃၇ | ၄၁၄၇ |
| HSD (50 ppm) | ၄၈၉၅ | ၅၀၂၃ |
| HSD (10 ppm) | ၄၈၉၅ | ၅၀၂၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၁၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေလျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေအများကြီးရှိပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့သို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)



## သုတေသနရလဒ်ကောင်းများထွက်ပေါ်လာရန်ကြိုးစား လူ့စွမ်းအားအရင်းအမြစ်များ ဆက်လက်မွေးထုတ်

မန္တလေး စက်တင်ဘာ ၂

မိတ္ထီလာစီးပွားရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ နေ့သင်တန်းကျောင်းသား၊ ကျောင်းသူ ၁၀၉၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ၊ စွန့်ဦးတီထွင်မှုနှင့်စီမံခန့်ခွဲမှုပညာစသည့် ပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပင်မဆောင်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က virtual zoom system ဖြင့် တက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများ၊ ဝန်ထမ်းများ၊ ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ MBA၊ MPA ၊ MBF၊ MDevS၊ MAS တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် (၂၅)နှစ်ကာလပတ်လုံး စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားဖြန့်ဝေပေးရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ ယနေ့ခေတ်တွင် သုတေသနကဏ္ဍသည်လည်း အလွန်အရေးကြီးပြီး နိုင်ငံ့အကျိုးပြု သုတေသနရလဒ်ကောင်းများထွက်ပေါ်လာရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို အလုပ်သင်အဖြစ် လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အဓိကကျကြောင်း၊ ငွေရတုမှသည် နောင်လာမည့်ကာလများတွင်လည်း ပိုမိုခိုင်မာသည့်အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က (၂၅) နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ကူညီပါဝင်ဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်၍ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ငွေရတုအထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိသူကို ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

(၂၅) နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ဓာတ်ပုံပြခန်း၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ အမှတ်တရအရောင်းဆိုင်ခန်းများ၊ စတုဒိသာ ညှော်ခံကျွေးမွေးမှုများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

မြဝတီ

## လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းဆောင်ရွက် မူးယစ်ဆေးဝါးနှင့်လောင်းကစားကင်းရှင်းရေး လူငယ်စကားဝိုင်းကျင်းပ

လှိုင်ကော် စက်တင်ဘာ ၂

ကယားပြည်နယ် လူငယ်ရေးရာကော်မတီကကြီးမှူး၍ "လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး"လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ရှိပြည်နယ်ခန်းမ၌ ကျင်းပသည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက လူငယ်များသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဦးဆောင်ပြောင်းလဲနိုင်သည့် အင်အားစုတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကစွမ်းအားစုဖြစ်သလို အနာဂတ်၏ အသက်သွေးကြောလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ သုခ ဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် မူးယစ်ဆေးဝါးနှင့် လောင်းကစားတို့သည် လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးစေနိုင်သည့်အတွက် ကာကွယ်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အတွက် လူငယ်များအားလုံးက ရှောင်ကြဉ်တိုက်ဖျက်သွားကြရန် ပြောကြားသည်။

ထို့အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်း ၁၅ စုံနှင့် CANAL+ ၁၀ စုံကို ပြည်နယ်လူမှုရေးရာဝန်ကြီးထံလည်းကောင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်)အတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ၁၀ စုံတို့ကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်)မှ တာဝန်ရှိသူတစ်ဦးထံလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ Moderator အဖြစ် လှိုင်ကော်တက္ကသိုလ် သင်္ချာဌာနမှ ပါမောက္ခ ဒေါက်တာအေးအေးတင့်က ဆောင်ရွက်ပြီး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက **"လောင်းကစား၏ဆိုးကျိုးများ၊ ရှောင်ရှားရမည့်နည်းလမ်းများနှင့် လူငယ်များ၏အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသည့်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်ကော်ခရိုင်ရုံး၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ နေ့စဉ်ဘဝနှင့်သက်ဆိုင်သည့် ဖြစ်စဉ်များကို အလေးထားဖော်ထုတ်ကာ ဒေသခံများ သိရှိလိုက်နာသင့်သည့် အသိပညာပေးအကြောင်းအရာများနှင့် အတူ သတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်မျှဝေပေးရန်၊ ပြည်သူများအားသိရှိနိုင်ရေး အသိပညာပေးလုပ်ငန်းများကို ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။





ထို့အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်ကော်ခရိုင်ရုံး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းများ၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်နှင့် ပြတိုက်ငယ်တို့ကိုလည်းကောင်း၊ လှိုင်ကော်မြို့ရှိ ရုပ်ရှင်ရုံအဟောင်းကို လည်းကောင်း၊ လှိုင်ကော်စာပေစာအုပ်အရောင်းဆိုင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်နှစ်လုံး ကြိုးစားအားထုတ်မှုကို အခုလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးတဲ့အတွက်လည်း အရမ်းကို ကျေးဇူးတင်မိပါတယ်ရှင့်

**မမေမိုးဦး၊ ငါးဘာသာဂုဏ်ထူးရှင်**

နေပြည်တော် စက်တင်ဘာ ၂

နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်အတွင်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် ရောင်စုံမီးဆိုင်းများ၊ လှပသော ပန်းအလှဆင်မှုများနှင့်အတူ တက်ကြွလှုပ်ရှားနေသောမြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သည်။ ယနေ့သည်ကား တစ်နှစ်ပတ်လုံး စာပေများကို မမိုတ်မသုန်ကြိုးစားအားထုတ်ခဲ့ကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်မည့်“ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့်တပ်မတော် (ကြည်း၊ ရေ၊ လေ)မှစစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား”နေ့ပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခြင်းသည် ကျောင်းသားများ၏ ပင်ကိုဉာဏ်အပြင် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် နိုင်ငံတော်အတွက် အားကိုးရမည့် ပညာတတ်လူငယ်များဖြစ်လာစေနိုင်သည့်အတွက်ကြောင့် ရလဒ်တစ်ခုကို ဂုဏ်ပြုခြင်းထက်ကျောင်းသားလူငယ်များ၏အနာဂတ်အိပ်မက်များကို ပျိုးထောင်ပေးခြင်းဖြစ်သည်။ ယနေ့ ဆုကတ်ပြားများကို ကိုင်ဆောင်ကာ ပြုံးရွှင်နေကြပြီး မကြာမီအချိန်တွင် မိမိတို့တတ်မြောက်ထားသော ပညာရပ်များဖြင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်ကို အကျိုးပြုမည့် ကြယ်ပွင့်များဖြစ်လာကြမည့်လူငယ်လေးများအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် ---



ဗိုလ်မှူးဟန်လင်းဖြိုး



မမေမိုးဦး



ဒုတိယတပ်ကြပ်ပြည့်စုံထွေး



ဒုတိယတပ်ကြပ်တင်ထားဝင်း



မချိုသံလွင်ကို

**ဗိုလ်မှူးဟန်လင်းဖြိုး**
**အကောင်းဆုံးကျောင်းဆု၊**
**အမှတ် (၂) ပညာရေးကျောင်း**
**(ခေတ္တကျောင်းအုပ်ကြီး)**

ဒီဆုရရှိအောင် အဓိကကြိုးပမ်းဆောင်ရွက်ခဲ့တာကတော့ သင်တန်းတက်ရောက်တဲ့ သင်တန်းသား စစ်သည်တွေက တစ်နှစ်ပတ်လုံး စာပေကြိုးစားခဲ့လို့ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ တပ်စွမ်းရည်ပြိုင်ပွဲတွေမှာလည်း အောင်မြင်မှုတွေရရှိခဲ့ကြပါတယ်၊ ဒါ့အပြင် တာဝန်ထမ်းဆောင်နေတဲ့ နည်းပြတွေရဲ့ သင်ကြားပေးမှု၊ သင်တန်းအတွက် လိုအပ်တဲ့အထောက်အပံ့တွေနဲ့ အထောက်အကူပြုပစ္စည်းတွေကို ဖြည့်ဆည်းပေးတဲ့ တာဝန်ရှိသူတွေ၊ နည်းပြစစ်သည်တွေရဲ့ ပံ့ပိုးမှုတွေကြောင့် ဖြစ်ပါတယ်။ ဒီလို ဘက်ပေါင်းစုံက စုပေါင်းပြီး ကျွန်တော်တို့ တပ်မတော်ပညာရေးကျောင်းရဲ့ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့လို့ ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်ပညာရေးကျောင်းတွေရဲ့ရည်မှန်းချက်ကတော့ မြန်မာ့တပ်မတော်မှာ အခြေခံပညာ မပြီးဆုံးသေးတဲ့ တပ်မတော်သားစစ်သည်တွေကို အထက်တန်းပညာ ပြီးဆုံးသည်အထိ သင်ကြားပေးဖို့ဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ စစ်သည်တွေကို အခြေခံပညာအဆင့်ကနေ အဆင့်မြင့်ပညာအဆင့်ကို ကူးပြောင်းနိုင်အောင် သင်ကြားမွေးထုတ်ပေးနိုင်ခဲ့တဲ့အတွက် အများကြီး ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီနှစ်မှာတော့ ကျောင်းသား ၁၅ ဦးမှာ ၁၅ ဦးလုံး ၁၀၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ ရာနှုန်းပြည့် အောင်မြင်တဲ့အပြင် ၃ ဘာသာဂုဏ်ထူး ၃ ဦး၊ ၂ ဘာသာဂုဏ်ထူး ၄ ဦးနဲ့ ၁ ဘာသာဂုဏ်ထူး ၅ ဦး စုစုပေါင်း ၁၂ ဦး (၈၀ ရာခိုင်နှုန်း)ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်မှာ တာဝန်ထမ်းဆောင်နေပြီး အခြေခံပညာမပြီးဆုံးသေးတဲ့ စစ်သည်တွေအကုန်လုံး သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှာ ဖွင့်လှစ်ထားတဲ့ ပညာရေးကျောင်းတွေကို လာရောက်တက်ရောက်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ဒီကနေတစ်ဆင့် အဆင့်မြင့်ပညာရေးရရှိသွားရင် ဘဝတက်လမ်းအတွက်လိုအပ်တဲ့ တပ်မတော်တက္ကသိုလ်တွေ၊ နည်းပညာကောလိပ်တွေကို ဆက်လက်တက်ရောက်ပြီး မိမိတို့ရဲ့ ဘဝတက်လမ်းကိုမြှင့်တင်နိုင်မှာဖြစ်တဲ့အတွက် ပညာရေးကျောင်းမှာလာရောက်ကြိုးစားတက်ရောက်ကြပါလို့ မှာကြားလိုပါတယ်။

**မမေမိုးဦး၊ ငါးဘာသာဂုဏ်ထူးရှင်**

သမီးကတော့ သိပ္ပံဘာသာတွဲကိုဖြေဆိုခဲ့ပါတယ်ရှင့်။ ပြီးတော့ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ ဂုဏ်ထူး ၅ ဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်ရှင့်။ သမီးကတော့ နွေရာသီပိတ်ရက်တွေကနေစပြီးတော့ သင်ခန်းစာအချို့ကို လေ့လာကျက်မှတ်ခဲ့တယ်၊ ကျောင်းဖွင့်တဲ့အချိန်မှာဆိုရင်လည်း တစ်နေ့စာတစ်နေ့ကို ပိုင်ပိုင်နိုင်နိုင်လေ့လာကျက်မှတ်ခဲ့တယ်။ အပတ်စဉ်သင်ကြားပြီးခဲ့သမျှသင်ခန်းစာတွေကိုလည်းပြန်လည်ကျက်မှတ်ခဲ့တယ်။ မေးခွန်းဟောင်းနဲ့ ဂျာနယ်တွေကိုလည်း အကြိမ်ကြိမ်လေ့လာခဲ့ပါတယ်ရှင့်။ ဆရာ၊ ဆရာမကြီးတွေရဲ့ စနစ်တကျသင်ကြားပေးမှု၊ ဖေဖေနဲ့မေမေတို့ရဲ့လမ်းညွှန်ပေးမှုကြောင့် သမီးအခုလို ၅ ဘာသာဂုဏ်ထူးရရှိခဲ့တာပဲဖြစ်ပါတယ်ရှင့်။ အခုလို ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေကို ဘဘတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးနဲ့ဇနီးကိုယ်တိုင်လာရောက်ပြီးတော့ ဆုချီးမြှင့်ပေးတဲ့အတွက်လည်း အရမ်းကိုဝမ်းသာပီတိဖြစ်ရပါတယ်ရှင့်။ သမီးတို့ရဲ့ တစ်နှစ်လုံးကြိုးစားအားထုတ်မှုကို အခုလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးတဲ့အတွက်လည်း အရမ်းကို ကျေးဇူးတင်မိပါတယ်ရှင့်။ သမီးကတော့ ဆေးအမှတ်မီတယ်ဆိုရင်တော့ ဆေးကျောင်းတက်ချင်ပါတယ်ရှင့်။ ပြီးတော့ ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်တဲ့ ဆရာဝန်ကောင်းတစ်ယောက်လည်းဖြစ်ချင်ပါတယ်ရှင့်။ ပြီးတော့ ဖေဖေနဲ့မေမေရဲ့ဂုဏ်ကိုဆောင်နိုင်တဲ့ သမီးကောင်းတစ်ယောက်လည်းဖြစ်ချင်ပါတယ်ရှင့်။

**ဒုတိယတပ်ကြပ်ပြည့်စုံထွေး**
**သုံးဘာသာဂုဏ်ထူးရှင်**

ကျွန်တော်က ဆရာတွေသင်ပေးတဲ့ဟာနဲ့ အချိန်တိုင်းလေ့ကျင့်ပေးတဲ့အတိုင်းမှာ နည်းပြတွေသင်ကြားပေးတဲ့အတိုင်း အချိန်တိုင်းပဲ အကုန်လုပ်ခဲ့တာဗျ။ အရပ်သားဘဝတုန်းက ၁၀ တန်းကျပါ၊ ၁၀ တန်းကျကျချင်း တပ်မတော်ထဲဝင်ခဲ့တာပါ။ တပ်မတော်ထဲရောက်တာ ၆ နှစ်ရှိပါပြီ။ ၆ နှစ်မှာ စာမေးပွဲပြန်ဖြေဖို့အတွက် ပညာရေးကျောင်းပြန်တက်ရတာဗျ။ စာကို အကောင်းဆုံးလုပ်မယ်ဆိုရင်တော့ ပညာရေးကျောင်းလာခဲ့တာကောင်းတယ်၊ ပညာရေးကျောင်းမှာလာပြီးတော့အကောင်းဆုံးကြိုးစားမယ်ဆိုရင် တကယ်အောင်မြင်မှာပါ။ ကျောင်းတက်မယ့် အစ်ကိုတို့ညီတို့ အကုန်လုံးပေ့ါနော်အားနည်းတဲ့ဘာသာရပ်တွေအတွက်ပြင်ပဆရာတွေ ခေါ်ပေးတယ်၊ အဲဒီအတွက်ကြောင့်မို့ အကောင်းဆုံးနားလည်အောင် ပြန်လိုက်သင်နိုင်တာပေါ့။ ခုလိုမျိုး ကျွန်တော်တို့ကို ခမ်းခမ်းနားနား ချီးမြှင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ပြီးတော့ကျောင်းက ဆရာ၊ ဆရာမတွေ၊ နည်းပြတွေကြောင့်မို့လည်း ခုလိုဖြစ်လာတာဆိုတော့ နည်းပြတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျ။

**ဒုတိယတပ်ကြပ်တင်ထားဝင်း**
**(ဘောဂဗေဒဘာသာရပ်ဂုဏ်ထူးရှင်)**

အခြေခံပညာအထက်တန်းကျောင်း (ရဲမွန်)မှာ အပြင်ဖြေနဲ့ဝင်ရောက်ဖြေဆိုပြီးတော့ ဘောဂဗေဒဘာသာရပ်ဂုဏ်ထူးရရှိတာပါရှင့်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ စနစ်သစ်စနစ်နဲ့ဖြေဆိုခဲ့တာဆိုတော့ အများကြီးလည်းခက်ခဲမှုရှိပါတယ်။ ပြီးတော့ ကျောင်းတစ်ဖက်နဲ့ တာဝန်တစ်ဖက်နဲ့ဆိုတော့လည်း အများကြီးကြိုးစားခဲ့ရပါတယ်။ အဲလိုကြိုးစားခဲ့လို့လည်း အခုလို ဘောဂဗေဒဘာသာရပ်ကို ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက်လည်း ဝမ်းသာပါတယ်။ တပ်မတော်ကြီးကနေပြီးတော့ ဒီလိုမျိုးအသိအမှတ်ပြုပြီးတော့ ဂုဏ်ပြုပေးတဲ့အတွက်လည်း သမီးအနေနဲ့ဝမ်းသာပီတိဖြစ်ရပါတယ်။ ပြီးတော့ နောက်ထပ်လည်း ပိုပြီးတော့ ကြိုးစားချင်စိတ်တွေတိုးပွားအောင်လို့ ဒီလိုမျိုးတွေလုပ်ပေးတာလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် သမီးတို့လိုမျိုး စစ်သမီးတွေဆိုလို့ရှိရင် အခွင့်အရေးက မရှိဘူးလို့ထင်ကြတာ စစ်သမီးတွေက။ သမီးပြောချင်တာက အကုန်လုံးမှာ အခွင့်အရေးရှိပါတယ်။ နည်းလမ်းရှိတယ်၊ ကိုယ်ကကြိုးစားဖို့ပဲလိုတာပေ့ါနော်။ အဲဒါကြောင့်မို့လို့ သေချာလေးကြိုးစားလို့ရှိရင်အခုလိုမျိုးရမှာပါ၊ သမီးတို့တွေလည်း နေရာတစ်နေရာရှိတယ်ဆိုတာ အကုန်လုံးကိုသိစေချင်ပါတယ်။ စစ်သမီးတွေအတွက်ပါ။ ဘွဲ့ရအောင်လည်းလုပ်မယ်၊ သမီးတို့ အဝေးသင်တက်ပြီးတော့ ဒီထက်မက တာဝန်ကျတဲ့နေရာမှာအကောင်းဆုံးရအောင် သမီးကြိုးစားမှာပါရှင့်။ ကျေးဇူးအများကြီးတင်ပါတယ်။

**မချိုသံလွင်ကို**
**(လေးထပ်ကွမ်းလူရည်ချွန်)**

သမီးကတော့ Grade –12 စာမေးပွဲမှာ ၆ ဘာသာဂုဏ်ထူး အမှတ်ပေါင်း ၅၂၆ မှတ်ရရှိထားတာပဲဖြစ်ပါတယ်။ လေးထပ်ကွမ်းလူရည်ချွန်လည်း ဖြစ်ပါတယ်။ သမီးတို့ Grade – 12 ဆိုတာကျတော့ တက္ကသိုလ်ဝင်စာမေးပွဲလည်းဖြစ်တဲ့အတွက်ကြောင့် အားလုံးအတွက် အရေးကြီးမယ်လို့လည်း သမီးတို့သိထားပါတယ်၊ အဲ့ဒီအပြင်သမီးက Grade –12 မှာလည်း လူရည်ချွန်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့အတွက် နှစ်ခုကို balance ဖြစ်အောင် time management ကို အဓိကကြိုးစားဆောင်ရွက်ခဲ့ပါတယ်၊ အချိန်ကို လူရည်ချွန်အတွက်တစ်ပိုင်း၊ ဗဟုသုတကဏ္ဍတွေ၊ အားကစားကဏ္ဍတွေရော ၆ ဘာသာအတွက်ရောအမှတ်မြင့်မားရေးကိုလည်း သမီးလစ်ဟင်းခြင်းမရှိအောင်တဖြည်းဖြည်းနဲ့ကြိုးစားခဲ့ပါတယ်။ ကျောင်းက ဆရာ၊ ဆရာမတွေ သင်ယူပြသတာတွေ၊ သူတို့ရဲ့ နည်းလမ်းတွေပေးတဲ့ဟာကို သေချာမေးမြန်းပြီးတော့ သမီးအဲ့ဒါတွေကို လက်တွေ့လိုက်ပြီးတော့လုပ်ခဲ့ပါတယ်။ အခုလိုမျိုးတပ်မတော်က သမီးတို့ကို စစ်မှုထမ်းဟောင်းသားသမီးကိုလည်း ဒီလိုချီးမြှင့်ပေးတဲ့အတွက်ကြောင့်မို့လို့ သမီးတို့တပ်မိသားစုဝင်တွေက သမီးတို့ပညာရေးကို ဒီလောက်ထောက်ပံ့ပေးတယ်၊ နောက်တပ်မိသားစုဝင်အငယ်လေးတွေ၊ ဂျူနီယာလေးတွေရှိတယ်ဆိုရင်လည်း သူတို့စာပိုလုပ်ချင်လာအောင် motivation တစ်ခုအနေနဲ့ ဒီလိုမျိုး ဆုပေးပွဲတွေကျင်းပပေးတဲ့အတွက်ကြောင့်သမီးတို့ ဒီထက်ပိုပြီးတော့ ကြိုးစားချင်စိတ်တွေလည်း ပေါ်လာတယ်၊ သမီးတို့ မိသားစုတွေအတွက်လည်း တပ်မိသားစုဝင်ဖြစ်ရတဲ့အတွက်ကြောင့်ဂုဏ်ယူပီတိဖြစ်မိပါတယ်။ သမီးကတော့ အခုတက္ကသိုလ်ဝင် စာမေးပွဲဖြေပြီးပြီးချင်း အမှတ်ကို စောင့်မယ်ဆိုပြီးတော့ မျှော်လင့်ထားပါတယ်၊ အမှတ်ထွက်လာတဲ့အခါမှာ ဆေးကျောင်းလျှောက်မယ်လို့ တွေးထားပါတယ်။ သမီးက နေပြည်တော်ဆိုတော့ Naypyitaw State Academy ကိုပဲ ဦးစားပေးလျှောက်ပါမယ်ရှင့်။ ဂျူနီယာလေးတွေကို guideline တစ်ခုပေးပါဆိုရင် သမီးရဲ့ မြန်မာစာဆရာပြောနေကျ စကားလေးတစ်ခုရှိပါတယ်။ သမီးတို့က ရည်မှန်းချက်တစ်ခုကိုယ့်ရဲ့ goal တစ်ခုထားလိုက်ပြီဆိုတာနဲ့ အဲ့ဒီရည်မှန်းချက်က ၅၀ ရာခိုင်နှုန်းအောင်မြင်ပြီးသားဖြစ်တယ်ပေ့ါနော်။ အဲ့တော့ ရည်မှန်းချက်ထားရုံနဲ့လည်း မပြီးသေးဘဲနဲ့ ကိုယ်ဘာလုပ်ရင် ဘယ်ဆုကိုရမယ်၊ ဒီအလုပ်ကိုလုပ်ရင် ဒါဖြစ်မယ် ဆိုတဲ့ဟာကိုသိထားတဲ့အတွက်ကြောင့် အဲ့ဒီအလုပ်ကို ကိုယ်မဖြစ်မနေလိုက်လုပ်ပေးရင်အောင်မြင်မှာပါ။

ဇော်မျိုး
ဓာတ်ပုံ-ကျော်လွင်

# မြစ်ကြီးနားမြို့ရှိ ဝါဒူဆိုင်းပန်နှင့် စူပါဝမ်း MSME လုပ်ငန်းများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား စက်တင်ဘာ ၂

ကချင်ပြည်နယ်သည် သယံဇာတ ပေါကြွယ်ဝပြီး တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သော ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ရွေးကောက်တင်မြှောက်မည့်အဖွဲ့ဝင်သစ်များက မိမိတို့ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ရွှေပြည်စံခန်းမ၌ကျင်းပသည့် ကချင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(KSCCI) ၏ ၂၀၂၆-၂၀၃၀ ပြည့်နှစ်အတွက် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်ကပြောကြားသည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

ဆက်လက်၍ အသင်း၏ ရွေးကောက်တင်မြှောက်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးကျော်ငွေးက အသင်း၏ လုပ်ငန်းဆောင်ရွက်မှု ၂၀၂၆-၂၀၃၀ ပြည့်နှစ်ငါးနှစ်တာအတွက် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်နိုင်ရေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ရွေးကောက်ခံရသော အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များ၏ စာရင်းအား အတည်ပြုထုတ်ပြန်ခြင်း၊ အလုပ်အမှုဆောင်သစ်များကို မိတ်ဆက်ခြင်းနှင့် သက်တမ်းကုန်အလုပ်အမှုဆောင်အဖွဲ့များတာဝန်မှ အနားယူကြောင်း ကြေညာခြင်းတို့ဆောင်ရွက်ခဲ့ကြပြီး အသင်းဥက္ကဋ္ဌအသစ် ဦးအားဖူရီမိလီက မိတ်ဆက်စကားပြောကြားသည်။

ထို့ပြင် မြစ်ကြီးနားမြို့ တပ်ကုန်း(ကြာရာပတ္တီး-အေ) ရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ်သိန်း ၅၀၀ ရင်းနှီးမတည်မှုဖြင့် ဒေသထွက်သား/ငါးများအား အသင့်စားစားသောက်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် WaDu Seng Pan ကချင်ရိုးရာအသင့်စား စားသောက်ကုန်လုပ်ငန်းအလုပ်ရုံသို့ သွားရောက်ပြီး အလုပ်ရုံသစ်ဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းစတင်လည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းမှ ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်မှုအခြေအနေများ၊ ကုန်ကြမ်းရရှိမှုအခြေအနေများကို မေးမြန်းခဲ့ကြကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်အတွင်း ဒေသတွင်း နို့စားနွားများမွေးမြူ၍ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသော စူပါဝမ်းသမဝါယမအသင်း နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသို့သွားရောက်၍ နို့စားနွားများအား ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူ၍ နွားနို့နှင့် နို့ထွက်ပစ္စည်း စားသောက်ကုန် ကုန်ချောအဆင့်ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတိုးချဲ့နိုင်ရေးနှင့် နို့စားနွားမများ တိုးတက်မွေးမြူနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (စတုတ္ထနှစ်) စက်ဝန်းမှ ရင်းနှီးမတည်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းများနှင့် နွားစာအိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်ရှိ အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)မှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် တာယာအမျိုးအစားအလိုက် ထုတ်လုပ်လျက်ရှိ



မော်လမြိုင် စက်တင်ဘာ ၂

ဘီးလင်းမြို့နယ်ရှိအမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)မှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာအမျိုးအစားအလိုက် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရုံသို့ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝရော်ဘာထွက်ရှိသည့် အဓိကပြည်နယ်တစ်ခုဖြစ်သည်နှင့်အမျှ တန်ဖိုးမြှင့်ကုန်ချောများပိုမိုထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်လိုက်သည့်တာယာများ၏ အရည်အသွေးကောင်းမွန်မှန်ကန်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့ပြင် ဘီးလင်းသကြားစက်ရုံသို့ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံရပ်နားထားစဉ်ကာလအတွင်း စက်ပစ္စည်းများ ရေရှည်ကြံ့ခိုင်မှုရှိစေရန် စနစ်တကျထိန်းသိမ်းရန်လိုအပ်ကြောင်းမှာကြားကာ စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘီးလင်းမြို့ သာသနာ့ဗိမာန်၌ ရေဘေးရှောင်ပြည်သူများကိုတွေ့ဆုံကာ အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ အလှူရှင်များကလှူဒါန်းသော ဆန်ရိက္ခာ အလှူငွေနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကယ်ဆယ်ရေးစခန်းရှိရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၆၇+၂၆၇ က) တွင် ဇုတ်သုတ်စက်မှုဇုန်ဖော်ဆောင်မည့် မြေနေရာသို့ ရောက်ရှိပြီး မူလစားကျက်မြေ၊ ဇုတ်သုတ်စက်မှုဇုန်မြေ၊ ယခင်အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ နိုင်ငံတော်သို့ပြန်လည်အပ်နှံသည့် မြေနေရာများရောနှောမှုမရှိစေရေး၊ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲမှုရှိသည့်မြေနေရာ စနစ်တကျဖြစ်စေရေး အဆင့်ဆင့်စနစ်တကျ အမြန်အကောင်အထည်ဖော်ဆောင်ရွက်စေရေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## (၂-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၃ ~ ၃၆၆၅.၇ | ၅၅၇.၅ ~ ၅၅၈.၂ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၇၉၁,၈၆၈.၈၉ | ၆,၅၁၆,၉၆၄.၅၄ | ၈၄,၅၆၂,၀၁၉.၁၄ | - |

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၄-၉-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များစုပေါင်း၍ **“မိုးသည်းတိုင်း လွမ်းတယ်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၄-၉-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “မိုးသည်းတိုင်း လွမ်းတယ်” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိမိုးကို | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | မင်းကငှါရဲ့ပါပီလေး | ပြင်ပအဆိုရှင် |
| ၃။ | လိုတယ် | ပြင်ပအဆိုရှင် |
| ၄။ | ဆယ်(လ်)မွန်ငါးတို့အပြန် | ပြင်ပအဆိုရှင် |
| ၅။ | မောင်မောင်လူဆိုး | ပြင်ပအဆိုရှင် |
| ၆။ | ငိုနေမယ်မိုးသည်းထဲမှာ | ပြင်ပအဆိုရှင် |
| ၇။ | အမှားများတဲ့ကမ္ဘာ | ပြင်ပအဆိုရှင် |
| ၈။ | မိုးသည်းတိုင်းလွမ်းတယ် | ပြင်ပအဆိုရှင် |
| ၉။ | ဒဏ်ရာဆိုတာအချစ် | ပြင်ပအဆိုရှင် |
| ၁၀။ | ချစ်သွားပြီ | ပြင်ပအဆိုရှင် |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၉-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင်မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

# သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေး



**သဲကုန်း စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိကဆေးဆိုင်များတွင် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းများရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိသဉ္ဇာကျော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်အေးစန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထင်ဇော်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အများပြည်သူ သုံးစွဲရန်မသင့်ဟု ကြေညာထားသော ဆေးဝါးများ၊ အာဟာရပြည့် ဖြည့်စွက်စာများ၊ ထုတ်လုပ်ခွင့် လိုင်စင်မရှိသော ဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ၊ မရှိ၊ ဆေးဆိုင်များတွင် ရောင်းချလျက်ရှိသော ဆေးဝါး/ဆေးပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကောင်းမွန်သော ဆေးဝါးရောင်းချမှုနှင့် သိုလှောင်မှုရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တရားမဝင်၊ သက်တမ်းလွန်၊ လိုင်စင်မဲ့ဆေးများ ရောင်းချခြင်းမပြုလုပ်ကြရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

# မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ကျိုက်ထို စက်တင်ဘာ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ မွေးကင်းစမှအသက်နှစ်နှစ်အောက်ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ) ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော (Rota) ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**



# ကျောက်ဆည်မြို့နယ်၌ နနွင်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မိုးသီးနှံနနွင်း ၈၅၁ ဧက စိုက်ပျိုးထားပြီး စိုက်ပျိုးထားသောနနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

နနွင်းသီးနှံစိုက်ပျိုးမည်ဆိုပါက မြေကို စိတ်ကြိုက်ပြုပြင်ပြီး အကျယ် ၃ ပေ၊ အမြင့် ၁ ပေခွဲခန့် မြေပေါင်များပြုလုပ်ကာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် နနွင်းခေါင်းမျိုး စိုက်ပျိုးခြင်းနှင့် နနွင်းအတက်မျိုး စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၅ လက်မအကွာ စိုက်ပျိုးရကြောင်း၊ နနွင်းသည် မြေထဲတွင် အတက်ပွားသည့်သီးနှံဖြစ်သောကြောင့် မြေအစိုဓာတ်ရရှိစေရန် ရေသွင်းပေးရကြောင်း၊ စိုက်ပျိုးပြီး လေးလခန့်တွင် နနွင်းအပွင့်များစတင်ပွင့်ပြီး ရှစ်လကျော်တွင် နနွင်းအတက်များ တူးဖော်ရကြောင်း၊ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက်ဖွံ့ဖြိုးလာသည့်စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ (၄၀၂)

# အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုပေးအပ်ပွဲကျင်းပ

**ပင်းတယ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဘောလုံးအားကစားကွင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား (U-14) အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရွှေပုထိုးဇုန်ဘောလုံးအသင်းနှင့် ညောင်ကောက်ဇုန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရွှေပုထိုးဇုန်ဘောလုံးအသင်းက ညောင်ကောက်ဇုန်ဘောလုံးအသင်းကို ၃ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုပေးအပ်ပွဲကိုကျင်းပရာ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား(U-14) ဘောလုံးအားကစားပြိုင်ပွဲတွင် ဆုရရှိသောကစားသမားများ၊ ဒုတိယဆုရရှိသည့် ညောင်ကောက်ဇုန်ဘောလုံးအသင်းမှ ကစားသမားများနှင့် နည်းပြဆရာများ၊ ပထမဆုရရှိသည့် ရွှေပုထိုးဇုန်ဘောလုံးအသင်းမှ ကစားသမားများနှင့် နည်းပြဆရာများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကောင်မတီဝင် ဦးအောင်ပြည့်စုံနှင့်တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ဆုကြေးငွေများနှင့်မြို့နယ်ပညာရေးမှူး ချန်ပီယံဆုဖလားကို ပေးအပ်ကြောင်း သိရသည်။ (၄၀၅)

## MWD Variety Channel

**၃-၉-၂၀၂၆(ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၉:၅၀ | သတိမမူ ဂူမမြင် |
| ၂။ | ၁၀:၅၀ | ဖန်တီးသူတို့အနုပညာ |
| ၃။ | ၁၃:၃၀ | ကဗျာအလှ ရသလွှင်ပြင် |
| ၄။ | ၂၁:၁၀ | ကွယ်လွန်ထင်ရှားအနုပညာရှင်များ (နလုံးသားဖြင့်သီကာကျူး သရုပ်ဆောင်နှင့် ပုံရိပ်ထင် ဝဏ္ဏကျော်ထင် ဒေါ်မေရှင်) |

# ပညာဂုဏ်မြင့် ဂုဏ်တင့်သူများ

◆ ကြိုးစားကာ အောင်မြင်မှု
ဂုဏ်ပြုလို့ ချီးမြှောက်သည်။
တက္ကသိုလ်ဝင် စာမေးပွဲ
ထူးကဲဂုဏ်ရည်။
ထူးချွန်စွာ အောင်ခဲ့ပြီ
ပညာရည် လွန်မြင့်မား။
ယနေ့အခါ ပညာခေတ်
နှစ်သက်စရာများ။

◆ လူငယ်တွေ အနာဂတ်
ပညာတတ်တဲ့ စွမ်းရည်ဂုဏ်။
နိုင်ငံတော် ဖွံ့ဖြိုးရေး
တွေးဆအဖုံဖုံ။
ရည်သွေးမြင့် ပညာအဟုန်
ကဏ္ဍစုံ တိုးတက်ရေး။
ပညာသည်သာ အဓိက
ရှိကြမယ်လေး။

◆ လူငယ်တွေ နိုင်ငံချစ်
ကောင်းမြင်သစ် စိတ်မှာဆောင်။
နည်းပညာ ဖွံ့ဖြိုးရေး
အားပေးတယ်မောင်။
ပါဝင်လို့ ထမ်းရွက်ဆောင်
ပြည်ထောင်စု ခိုင်မြဲရေး။
လူငယ်မောင်မယ်များ
ကြိုးစားလို့ပေး။

◆ နိုင်ငံတော်မှာ ဦးစားပေး
ပညာရေး ကဏ္ဍမှာ။
လူငယ်တွေ နောင်တစ်ခေတ်
ဆန်းသစ်စေတာ။
နိုင်ငံတကာနှင့် ယှဉ်ပြိုင်ကာ
ပညာသာ ဦးဆောင်ပေး။
မြော်မြင်ကာ အနာဂတ်အတွက်
ထက်မြက်စေရေး။

◆ တပ်မတော် မိသားစု
ဂုဏ်ပြုဆု ပျော်စရာ။
ရိုးသားကာ ကြိုးစားမှု
အောင်ဆုတွေပါ။
ထူးချွန်ထက်မြက် ကောင်းကျိုးဖြာ
ရွှေဆုသာ ရင်မှာတိုး။
ပညာသည် မြတ်ရွှေအိုး
ကြိုးစားတဲ့အကျိုး။ ။

**ဘုန်းမောင်ဝင်း (ဖျာပုံ)**

## အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ

## U-14 Boys Royal D Cup 2026 ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ




**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ U–14 Boys Royal D Cup 2026 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဇေယျာသီရိအသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း မင်းကုန်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးရာ ပြိုင်ပွဲတွင်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဇေယျာသီရိအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ဆုပေးပွဲကျင်းပရာ U–14 Boys Royal D Cup 2026 ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသင်းများကို ဂုဏ်ပြုဆုနှင့် ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးအားကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူများကို ငွေသားဆုနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ တတိယဆုနှင့် တတိယဆုရ ကိုယ်စားပြုကျောင်းအသင်း၊ ဒုတိယဆုနှင့် ဒုတိယဆုရ ကိုယ်စားပြုကျောင်းအသင်းကို ဆုတံဆိပ်၊ ငွေသားနှင့် ဆုဖလားကိုလည်းကောင်း နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဇေယျာသီရိအသင်းကို ဆုတံဆိပ်၊ ငွေသားနှင့် တံခွန်စိုက်ဒိုင်းဆုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

**➤ ရှေ့ဖုံးမှအဆက်**

ဖြစ်စဉ်အမှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကနဦးကျူးလွန်ခဲ့ပြီး ယင်းဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်နက်တည်း အကွက်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သို့သော် ကမ္ဘာ့နိုင်ငံအချို့က အာဆာအကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို လျစ်လျူရှုထားကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်မှု၏ အသွင်သဏ္ဍာန်မျိုးစုံနှင့် လုပ်ရပ်များအားလုံးကို ရှုတ်ချသင့်သည်။

အာဆာအကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ၎င်းတို့၏ အစွန်းရောက်အကြမ်းဖက်ဝါဒဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်မှုတို့ကြောင့်ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂါလီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင် ပကတိအခြေအနေမှန်များကိုလည်း လျစ်လျူရှုကာ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့်ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ဆောင်မှုများ မပြုသင့်ကြောင်း အလေးထားဖော်ပြလိုသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံအား ကာကွယ်ပိုင်ခွင့်နှင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများအား တုံ့ပြန်ရာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ဒေသခံပြည်သူများနှင့် ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့်ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်အတွက် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(RoE) နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် လွဲမှားစွာသုံးစွဲဖော်ပြလျက်ရှိသည့်အခြေအနေကိုလည်း ပြတ်သားစွာကန့်ကွက်သည်။ ထို့ကြောင့် ယင်းစကားရပ်ကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အသုံးပြု၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဆက်စပ်ဖြစ်စဉ်များအပေါ် နိုင်ငံရေးအရ အကျိုးအမြတ်ရှိစေရန်အတွက် ကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များ ထုတ်ပြန်နေခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ ယင်းဆောင်ရွက်ချက်များသည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင်ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏စေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်မှုများအတွက် အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်မည်မဟုတ်ပါ။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိစခန်းများတွင် ရောက်ရှိနေသူအားလုံးအား မြန်မာနိုင်ငံမှဟု စွပ်စွဲပြောဆိုချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြားဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ၎င်းတို့၏ဆန္ဒအလျောက် လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ခင်မင်ရင်းနှီးသည့်မိတ်ဆွေနိုင်ငံများနှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ ၁၅-၈-၂၀၂၆ ရက်တွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကြိုးပမ်းမှုများအပေါ် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကို အသိအမှတ်ပြုခြင်းမရှိဘဲ နိုင်ငံအချို့၏ နိုင်ငံရေးလှုံ့ဆော်မှုအရ ထုတ်ပြန်သည့်ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက် မီဒီယာများအပါအဝင် သတင်းဖော်ပြချက်များကို မြန်မာနိုင်ငံက ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်**

**➠ မလေးရှားထိန်းသိမ်းရေးစခန်းမှ**

လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါသည်။

ယခုအခါ အလားတူပင် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ (၁၄၇၆)ဦးအား ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်နိုင်ရန် မြန်မာအစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် မလေးရှားနိုင်ငံဘက်မှ အထက်ပါနေ့ရက်များတွင် လာရောက်ခေါ်ဆောင်ရန်အဆင်ပြေမှုမရှိပါကြောင်းနှင့် စက်တင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြန်လည်စီစဉ်ရန်အဆိုပြုလာပါသဖြင့် မြန်မာအစိုးရသည် မလေးရှားနိုင်ငံဘက်မှ အဆိုပြုသည့်နေ့ရက်များတွင် ခရီးစဉ်အား ပြန်လည်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသားများ၏အရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများနှင့် ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာမြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် လိုအပ်သော ကောင်စစ်ရေးရာ ကူညီစောင့်ရှောက်မှုများကို အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

**မြဝတီ**

**▲ အလှူငွေနှင့်စားသောက်ကုန်မှ**

Tribhuvan International Airport(KTM) သို့သွားရောက်၍ လှူဒါန်းသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အလှူငွေနှင့်စားသောက်ကုန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများက ထိုသို့ သွားရောက်ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ယခုလှူဒါန်းမှုသည် နီပေါပြည်သူများအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှုအရ ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ သဘာဝဘေးသင့်ပြည်သူများ အမြန်ဆုံးပုံမှန်ဘဝသို့ပြန်လည်ရောက်ရှိစေရေး ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီပံ့ပိုးပေးမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါကူညီထောက်ပံ့မှုများကို သဘာဝဘေးသင့်ပြည်သူများအတွက် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန ဝန်ကြီးထံ လှူဒါန်းငွေ အမေရိကန်ဒေါ်လာငါးသိန်းနှင့် ပဲ(၈)တန်ကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါပေးအပ်လှူဒါန်းမှုတွင် မတ်ပဲ(၅)တန်နှင့် ကုလားပဲ(၃)တန်တို့ပါဝင်ပြီး နီပေါနိုင်ငံမှ သဘာဝဘေးသင့်ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်သည့်အခါ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့်အညီ လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်လျက်ရှိပြီး နိုင်ငံများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် လူသားချင်းစာနာမှုပိုမိုခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အရှေ့ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စက်တင်ဘာလ ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အဦ၌ ရုရှား-အာဆီယံစီးပွားရေးကောင်စီအမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အာဆီယံနှင့်ရုရှားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အချက်အချာနေရာတွင်တည်ရှိသည့်မြန်မာနိုင်ငံကို ရွေးချယ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရုရှားနှင့်မြန်မာနိုင်ငံတို့အကြား လျှပ်စစ်စွမ်းအားနှင့်စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ စက်မှုကဏ္ဍတွင် နည်းပညာမြင့် Robotic ဆိုင်ရာလုပ်ငန်းများနှင့်ဒီဂျစ်တယ်နည်းပညာသုံးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားနိုင်ရေး၊ ဒီဂျစ်တယ်နည်းပညာဖြင့် ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊



Online ကုန်သွယ်မှုလုပ်ငန်းကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် လူမှုစီးပွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိအဆောက်အဦ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ RADIO SPUTNIK နှင့် တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရုရှား-အာဆီယံ စီးပွားရေးဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် တက်ရောက်ဆွေးနွေး




**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်သည် စက်တင်ဘာလ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိအဆောက်အဦ D ၌ ကျင်းပသည့် ရုရှား-အာဆီယံ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Sergey Katyrin က ဆောင်ရွက်ပြီး DNS Group တည်ထောင်သူ၊ အရှေ့ဖျားဒေသနှင့် အာတိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယဝန်ကြီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး၊ AFC "Sistema"၏ ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီး၊ PJSCv "DVMP" (FESCO)၏ လိုင်းနှင့်ထောက်ပံ့ပို့ဆောင်ရေးဌာနခွဲ၏ ဒုတိယအထွေထွေညွှန်ကြားရေးမှူးတို့က ရုရှား-အာဆီယံပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ထားရှိမှု၊ နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် ဒီဂျစ်တယ်ဆိုင်ရာအခြေခံအဆောက်အဦများ၊ ဒီဂျစ်တယ်လုံခြုံရေး၊ Smart City ဆိုင်ရာအခြေခံအဆောက်အဦများ၊ ဒီဂျစ်တယ်အစိုးရနှင့် ပြည်သူဗဟိုပြု ဒီဂျစ်တယ်ဝန်ဆောင်မှုများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍများတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပထမဆုံးသော Cyber City တစ်ခုတည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများညှိနှိုင်းဆွေးနွေး



**ဟားခါး စက်တင်ဘာ ၂**

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်၏ အထူးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဘဏ္ဍာငွေသာမက ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် ဘုရားဆင်းတုတော်ပါမကျန် လူအား၊ ငွေအားနှင့် ပစ္စည်းအင်အားဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက ကဏ္ဍမပါ ဌာနဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၄၀ ကျော်ခန့်ကျသင့်မည်ဟု ခန့်မှန်းထားကြောင်း ယနေ့ နံနက် ၁၁ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဆွေးနွေးပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ဖလမ်းမြို့တွင် ၃၀ ရာခိုင်နှုန်း၊ တီးတိန်မြို့တွင် ၆၁ ရာခိုင်နှုန်း၊ တွန်းဇံမြို့တွင် ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ယခုအခါ ဖလမ်းမြို့၊ တီးတိန်မြို့နှင့်တွန်းဇံမြို့တို့ရှိဆက်သွယ်ရေးစခန်းသုံးခုအတွက် ဆက်သွယ်ရေးပစ္စည်းများနှင့် ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်စက်များလည်း ကလေးမြို့သို့ ရောက်ရှိလာပြီဖြစ်ပြီး သက်ဆိုင်ရာမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီများ၏ဆောင်ရွက်နေမှုများနှင့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေလက်ခံရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၂-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အနာဂတ်တွင် ပိုမိုလင်းလက်တောက်ပလာမည့် လူငယ်မောင်မယ်များ

မန္တလာကိုကိုဝင်း

ပညာရေးသည်တစ်ဦးတစ်ယောက်အတွက်သာလျှင်အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍအဖြစ်ပါဝင်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါ ပညာတတ်မြောက်မှုအရည်အသွေးမြင့်မားရန်လိုအပ်ပေသည်။ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များ ရှိကြရမည်ဖြစ်သည်။ အခြေခံပညာကျောင်းများတွင် သင်ကြားပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် လူငယ်များအတွက် အတတ်ပညာ သာမက အသိပညာဗဟုသုတပြည့်ဝရေးကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။



တပ်မတော်သည် ပြည်သူတို့၏သားသမီးများနှင့်ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်ပြီး တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများမှာလည်း မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်နေကြခြင်းဖြစ်သည်။ စဉ်ဆက်မပြတ်တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်မတော်သားများရှိနေ၍ တပ်မတော်သည် နိုင်ငံအတွက်ကျစ်လျစ်ခိုင်မာလျက်ရှိသည့်အဖွဲ့အစည်းအဖြစ် ကြွားကြွားဝံ့ဝံ့ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ မိမိ၏အသက်နှင့်ခန္ဓာကိုပင် နိုင်ငံတော်အတွက်စွန့်လွှတ်ထားသူဖြစ်၍ တပ်မတော်သားတစ်ဦးဖြစ်လာရန်မှာ လွယ်ကူလှသည့်ကိစ္စမဟုတ်ပေ။

တပ်မတော်သားတစ်ဦး၏သားသမီးများမှာလည်း တပ်မတော်၏မိသားစုဝင်များဖြစ်သည့်အတွက် သူတို့၏ပညာရေး၊ ကျန်းမာရေး၊ ဘဝတိုးတက်မြင့်မားရေးကိုတပ်မတော်ကအလေးထားကြည့်ရှုဆောင်ရွက်ပေးသည်။ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ခြင်းမှာ တပ်ဖွဲ့တိုင်းဆောင်ရွက်ပေးရသည့်လုပ်ငန်းဖြစ်သည်။ သားသမီးများ၏ ပညာရေးအတွက် မိဘများကပူပင်မှုဖြစ်စရာမလိုအောင် ထောက်ပံ့ပေးသည့်အတွက် တပ်မတော်သားတို့သည်နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စိတ်အေးချမ်းသာစွာ ထမ်းဆောင်နိုင်ကြသည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်ကျောင်းပညာရေးကိုတစိုက်မတ်မတ် ကြိုးစားသင်ယူခွင့်ရရှိကြသဖြင့် ပညာရေးတွင်ထူးချွန်စွာအောင်မြင်မှုရရှိကြသည်။

ထို့အတူ ပညာရေးတစ်ပိုင်းတစ်စဖြင့်တပ်မတော်သို့ဝင်ရောက်လာသော စစ်သည်များကိုလည်း တပ်မတော်ပညာရေးကျောင်းများမှ အတန်းပညာများဆက်လက်သင်ယူခွင့်ပေးထားသည်။ ထူးချွန်စွာအောင်မြင်မှုရရှိသူများလည်းရှိလာသည်။ ထို့ကြောင့် တပ်မတော်တွင် အစဉ်အလာတစ်ခုအဖြစ် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များနှင့် အငြိမ်းစားစစ်မှုထမ်းများ၏ မိသားစုဝင်များမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများကို ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်မှစတင်၍ နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပခဲ့သည်။ ဂုဏ်ထူးရရှိသည့် ဘာသာရပ်အရေအတွက်အလိုက် ချီးမြှင့်ပေးခြင်း၊ ပြည်ပနိုင်ငံများသို့လေ့လာရေးခရီးစဉ်စီစဉ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သားများနှင့် ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ရေးကြိုးပမ်းလျက်ရှိကြသည်။

“၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား”ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂ ရက်က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ဇေယျာသီရိဗိမာန်အတွင်းသို့ဝင်လိုက်သည်နှင့်အဆိုပါအခမ်းအနားဆိုင်းဘုတ်ကြီးကို ခံ့ခံ့ညားညားမြင်တွေ့ကြရသည်။ အဆိုပါဆိုင်းဘုတ်ကြီးကိုကြည့်မြင်ရသည်ကပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည်။ တပ်မတော်အသိုင်းအဝိုင်းအတွင်းမှပေါ်ထွန်းလာသည့်သားကောင်း၊ သမီးကောင်း ရတနာလေးများအား တပ်မတော်ကအထူးဂရုတစိုက်ဖြင့် ဂုဏ်ပြုခြင်းဖြစ်၍ မိဘတိုင်း၏ ရင်ထဲတွင် ပီတိဖြာဝေလျက်ရှိသကဲ့သို့ ကာယကံရှင်ဆုရရှိသူများ၏ရင်ထဲတွင်လည်း ပိုမိုကြိုးစားလိုသော စိတ်ဓာတ်၊ တပ်မတော်ကိုမြတ်နိုးသည့်စိတ်ဓာတ်များ ကိန်းအောင်းနေမည်ဖြစ်သည်။

အဆိုပါအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် “မိမိတို့တပ်မတော်အနေဖြင့် ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုကို အပိုင်းခွဲဖော်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ပညာရည်မြင့်မားရေးနှင့်တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ပညာရည်မြင့်မားရန်အတွက် တပ်မတော်ပညာရေးကျောင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာရေးအထိ သင်ကြားအောင်မြင်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းထမ်းရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်းတပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှစ်ကျောင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခွဲ၍ နေပြည်တော်နှင့် ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍသစ်အဖြစ် ဖွင့်လှစ်လိုက်သည့် ကျောင်းများတွင် တပ်မတော်သား မိသားစုဝင်များ၊ တပ်မတော်သား အငြိမ်းစားများ၏ မိသားစုဝင်များအပြင် တပ်မတော်နှင့် တပ်မတော်၏ ပညာရည်မြင့်မားရေး ဖော်ဆောင်မှုအပေါ် စိတ်ပါဝင်စားစွာ တက်ရောက်လိုသူများကိုဖွင့်လှစ်သင်ကြား ပေးနေပြီ ဖြစ်သကဲ့သို့ တက်ရောက်လိုသူများကိုလည်း အမြဲတမ်းကြိုဆိုလျက်ရှိကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးသည် လူငယ်တိုင်းမဖြစ်မနေသင်ကြားရမည့်အရာဖြစ်သည်။ ယနေ့နိုင်ငံတော်၏ တာဝန်အသီးသီးကို ထမ်းဆောင်နေကြသူများအားလုံးသည်လည်း ပညာသင်ယူခြင်းနယ်ပယ်ကို ဖြတ်သန်းခဲ့ကြရသူများဖြစ်သည်။ လူမှုစီးပွားဘဝတွင်ပညာရည်အဆင့်အတန်းသည်လိုအပ်ချက်ဖြစ်သည်။ ပညာတတ်မြောက်မှုအပေါ်မူတည်၍ လူ့ဘဝ၏အနိမ့်အမြင့် ကွဲပြားခြင်းဖြစ်သည်။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသားအားလုံး၏ပညာအရည်အချင်း မြင့်မားနေရမည်ဖြစ်သကဲ့သို့ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်မြင့်မားရေးမှာလည်း ပညာသည်သာ အဓိကဖြစ်သည်။

**တပ်မတော်ဆိုသည်မှာစတင်ပေါ်ပေါက်လာကတည်းက နိုင်ငံတော်နှင့်ပြည်သူအပေါ် သစ္စာစောင့်သိလျက်ရှိပေရာ တပ်မတော်ကမွေးဖွားလာသောသားသမီးများသည်လည်း အနာဂတ်တွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိရှိသေသူများဖြစ်. . .**

နိုင်ငံတော်အစိုးရအနေဖြင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသော မူဝါဒကို ချမှတ်ကာ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များကို ပညာတတ်များဖြစ်အောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်အောင်လေ့ကျင့်ပြုပြင်သင်ကြားပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း ကျောင်းတိုင်းတွင် **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဟူသော ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူငယ်မောင်မယ်တိုင်းအတွက် အတန်းပညာသည်အဓိကဖြစ်သကဲ့သို့ အတန်းပညာရှိနေမှ အတတ်ပညာများ၊ အသိပညာများကိုဖြည့်ဆည်းနိုင်မည်ဖြစ်သည်၊ ယနေ့ခေတ်ကာလသည်ပညာခေတ်ဖြစ်သည့်အတွက် ပညာကိုတတ်မြောက်အောင်သင်ယူထားနိုင်ခြင်းမရှိလျှင် ဘဝကိုခက်ခဲစွာ ရုန်းကန်လှုပ်ရှားရမည်သာဖြစ်သည်၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်ရန်လိုသကဲ့သို့ ဘာသာတရား၏အဆုံးအမနှင့်အညီ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြရန်လည်း သင်ယူကြရမည်ဖြစ်သည်။ လူငယ်များသည် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသယံဇာတများဖြစ်သည်ဟု ခံယူထားပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် **“စွမ်းရည်ပြည့်ဝသော လူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်”** (Empowered Youth, Strong Nation, Shared Future) ဆိုသည့် ဆောင်ပုဒ်ကိုချမှတ်ထားပြီး အမျိုးသားအဆင့်လူငယ်ဖွံ့ဖြိုးရေး မူဝါဒမူဘောင်တစ်ရပ်ရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို/ ရေရှည်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်မှာ လူငယ်များနှင့်အနာဂတ်နိုင်ငံတော်အတွက်ကောင်းမွန်မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကိုတည်ဆောက်ရာတွင် လူသားအရင်းအမြစ်မောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ပြီး ယင်းအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးမှာအထူးပင်ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်သည်။ မြန်မာနိုင်ငံကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက်ထူးချွန်ထက်မြက်သည့်အသိပညာရှင်၊ အတတ်ပညာရှင်လူ့စွမ်းအားအရင်းအမြစ်များ အများကြီးလိုအပ်သည်။ ထို့ကြောင့်ထူးချွန်ထက်မြက်သောလူငယ်များကို နိုင်ငံတော်အစိုးရကထိုက်ထိုက်တန်တန်ဂုဏ်ပြုပေးနေသကဲ့သို့တပ်မတော်အနေဖြင့်လည်း တပ်မတော်နှင့်ဆက်နွှယ်နေသည့် ထူးချွန်ထက်မြက်သူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။

လူငယ်ဘဝသည် မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင် စကားပုံများကဲ့သို့ပင် လူငယ်ဘဝတွင် သင်ယူခွင့်ရရှိသည့် အတန်းပညာများကို ထူးချွန်တတ်မြောက်အောင်သင်ယူကြရမည်ဖြစ်သည်။ မိုးရွာစဉ်ရေမခံလိုက်ပါက ရေအခက်အခဲနှင့်ကြုံရမည်ဖြစ်သကဲ့သို့ ငယ်ရွယ်စဉ်တွင်ပညာကို ပြည့်ဝစွာ သင်ယူထားခြင်းမရှိပါက အနာဂတ်တွင်အခက်အခဲပေါင်းများစွာ ကြုံတွေ့ရမည်ဖြစ်သည်။ ပညာသည်သာ အရာရာကို **စာမျက်နှာ ၁၃ သို့** ◆

◆ **စာမျက်နှာ ၁၂ မှအဆက်**

ဖြေရှင်းနိုင်သောအရာဖြစ်သည့်အတွက် ပညာကိုတန်ဖိုးထား ကြိုးစားသင်ယူခြင်းဖြင့် မိမိဘဝအနာဂတ်၊ နိုင်ငံတော်၏ အနာဂတ်ကို အလှဆင်နိုင်မည်ဖြစ်သည်။

တပ်မတော်ဆိုသည်မှာ စတင်ပေါ်ပေါက်လာကတည်းက နိုင်ငံတော်နှင့်ပြည်သူအပေါ် သစ္စာစောင့်သိလျက်ရှိပေရာ တပ်မတော်ကမွေးဖွားလာသော သားသမီးများသည်လည်း အနာဂတ်တွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိရှိသေသူများဖြစ်ကြရပေမည်။ မြန်မာစကားတွင် တစ်လုတ်စားဖူး သူ့ကျေးဇူးဟု ဆိုစကားရှိထားပေရာ "ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးမမေ့စေ" မင်္ဂလာနှင့်အညီ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သူ တပ်မတော်သားများ၊ တပ်မတော်မိသားစုများက နိုင်ငံတော်နှင့်တပ်မတော်၏ ကောင်းကျိုးကို ပြန်လည်သယ်ပိုးနိုင်ကြရမည်ဖြစ်သည်။

ယခုကျင်းပသည့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရသူအားလုံးမှာ မိမိတို့၏ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကြိုးစားမှုအပြင် ဆရာများ၏ သွန်သင်လမ်းညွှန်မှုအတိုင်း တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ခဲ့ခြင်းကြောင့်လည်း ထူးချွန်သူများဖြစ်လာကြရခြင်းဖြစ်သည်။ ထို့အတူ မိဘများ၏ကောင်းမွန်စွာသွန်သင်ဆုံးမမှုမရှိခဲ့လျှင်လည်း ယခုကဲ့သို့ ထူးချွန်သူများဖြစ်လာနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် **"သုံးပါးရတနာ၊ မိဘများနှင့်၊ ဆရာသမားကိုပူဇော်လေ"** ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆက်လက်နေထိုင်ကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့်ဘဝကိုတိုးတက်အောင်ကြိုးစားခြင်း၊ လိမ္မာယဉ်ကျေးစွာနေထိုင်ခြင်း၊ မိမိအတွက်ကောင်းသောသူငယ်ချင်းအပေါင်းအသင်းနှင့်ပေါင်းသင်းခြင်းတို့ဖြင့် နေထိုင်ကြရမည်ဖြစ်သည်။ **"မကောင်းမှုတွေဟူသမျှကို မတွေ့ခင်ကရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင် မလွန်ကျူးနှင့် အထူးသဖြင့် စောင့်စည်းနေ၊ အရက်သေစာမသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာပေ၊ လုပ်ကိုင်ပြောကြားသတိထား တရားမမေ့စေ"**ဟူသော မြတ်ဗုဒ္ဓ၏ဆုံးမစကားကိုလိုက်နာကျင့်သုံး၍ နိုင်ငံတော်နှင့် တပ်မတော်ကအားကိုးရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် မိမိတို့၏ဘဝအနာဂတ်ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းရာတွင် အမှားနှင့်အမှန်ကိုခွဲခြားနိုင်စေရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာသိရှိနားလည်ကာ မကောင်းမှုကိုပယ်ရှောင်၍ ကောင်းမှုကိုဆောင်ထားကြရမည်ဖြစ်သည်။ ပညာရေး၏ အနှစ်သာရသည် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကိုသင်ကြားပေးနေသည့် နေရာမျိုးဖြစ်သည်။

တပ်မတော်သားများ၊ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းများ၏သားသမီးများအနေဖြင့် ဘယ်သူတရားပျက်ပျက် မိမိတို့မပျက်အောင်ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိတို့၏ဘဝတက်လမ်းကိုရည်မှန်း

**မိမိတို့၏ဘဝအနာဂတ်ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းရာတွင် အမှားနှင့်အမှန်ကိုခွဲခြားနိုင်စေရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာသိရှိနားလည်ကာ မကောင်းမှုကိုပယ်ရှောင်၍ ကောင်းမှုကိုဆောင်ထားကြရမည်ဖြစ် . . .**

**ပညာရေး၏အနှစ်သာရသည် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကိုသင်ကြားပေးနေသည့် နေရာမျိုးဖြစ် . . .**

ချက်ပေါက်မြောက်သည်အထိကြိုးစားမှုပြုကြရမည်ဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို မိမိတို့ဘဝတစ်လျှောက် အစဉ်အမြဲသတိရကာ ပိုမိုကြိုးစားလိုစိတ်ရှိနေကြရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်လိုက်ခြင်းမှာ အခြေခံပညာအဆင့်မှအဆင့်မြင့်ပညာအဆင့်သို့ ကူးပြောင်းခွင့်ရရှိလိုက်ခြင်းဖြစ်သည်။ အတန်းပညာများ ပြီးမြောက်သည်အထိ သင်ယူပြီး နိုင်ငံတော်၏တာဝန်များကို အကောင်းဆုံး ထမ်းဆောင်နိုင်သူများဖြစ်အောင် **အနာဂတ်တွင်ပိုမိုလင်းလက်တောက်ပလာမည့် လူငယ်များ**အဖြစ် ဆက်လက်ကြိုးစားကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ရေကြီးနစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေးဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုများမှ ကွင်းအလိုက် ရေပြန်ပေါ်သည့် ဧရိယာ၊ ကေ၊ တောင်သူတစ်ဦးချင်း၏ ပျက်စီးခဲ့သည့် စိုက်ကေ၊ ပြန်လည်စိုက်ပျိုးမည့် သီးနှံ၊ မျိုးစေ့နှင့်သွင်းအားစု လိုအပ်ချက်၊ ထွန်ယက်စိုက်ပျိုးမည့် အခြေအနေ၊ စိုက်ပျိုးရေရရှိမှုအခြေအနေနှင့်ပတ်သက်သည့် စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်များကို ကွင်းအလိုက် သက်ဆိုင်ရာဌာနများ ပါဝင်သည့် အဖွဲ့များစုဖွဲ့၍ မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ကွင်းဆင်းကောက်ယူကြရန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညှိုရိပ်သာ၌ တာဝန်ရှိသူ



များနှင့်တွေ့ဆုံစဉ် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင်လေးမျက်နှာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့၊ သွင်းအားစုများနှင့် စက်သုံးဆီများ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များ၊ ရေကြီးနစ်မြုပ်စိုက်ကေများအား စာရင်းများ ကောက်ယူဆောင်ရွက်နေမှု၊ မျိုးစေ့များရရှိရေးဆောင်ရွက်ထားရှိမှုနှင့် ပြန်လည်စိုက်ပျိုးဆောင်ရွက်သွားမည့်အခြေအနေ၊ စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိမှု၊ စိုက်ပျိုးရေရရှိရေးအတွက် ရေတင်စက်များ၊ ဆိုလာရေတင်စနစ်များဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းနှင့် ရွှေမိုးကုမ္ပဏီလီမိတက်တို့ကလည်းကောင်း အလှူငွေများ လာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအဆင့် (စတုတ္ထအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

သစ်တောသယံဇာတများရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးနှင့်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများမှ သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးစေရန်နှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအဆင့် (စတုတ္ထအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မိတ္ထီလာမြို့နယ်ရှိ လိန်တောကျေးရွာအုပ်စု မိတ္ထီလာ-မြင်းခြံ ကားလမ်း မိုင်တိုင်အမှတ် (၆/၀) မှ (၆/၁)ကြား ဝဲ/ယာတွင် ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဦးဆောင်၍ သစ်ပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ပိတောက်၊ တမာ၊ စိန်ပန်း၊ ယင်းမာ၊ ဒဟတ်၊ ဖျောက်ဆိပ်၊ မည်စည်၊ မန်ကျည်း၊ ရေတမာ၊ သစ်ဖြူ စသည့် သစ်မျိုး ၁၀ မျိုး စုစုပေါင်း ၁၆၆၂ ပင်အား အတူတကွစိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

**မြဝတီ**

## တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၂**

တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ငူခရိုင်အားကစားကွင်း၌ စက်တင်ဘာလ ၁ ရက်မွန်းလွဲပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်းသိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အကောင်းဆုံးချီတက်အလေးပြုအဖွဲ့ အကောင်းဆုံးဆုရ ထန်းတပင်မြို့နယ်ဘောလုံးအသင်းအား ဆုပေးအပ်သည်။

ထို့နောက် အေရိုးဗစ်ဖျော်ဖြေရေး (Fitness Dance) အဖွဲ့မှ ကျွန်းမာသွက်လက်သောအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်း၊ တိုက်ကွမ်ဒိုအဖွဲ့မှ အားကစားစွမ်းရည်ပြ သရုပ်ပြဖျော်ဖြေခြင်းနှင့် ဘင်ခရာတပ်ဖွဲ့၊ အလှပြပန်းဖွားအဖွဲ့တို့ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အုပ်စုပွဲစဉ်အဖြစ် တောင်ငူမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းအသင်းနှင့် ရေတာရှည်မြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ တောင်ငူမြို့နယ် (ကိုယ်ပိုင်အထက်တန်းကျောင်း)အသင်းက ရေတာရှည်မြို့နယ်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# ကွန်ပျူတာတက္ကသိုလ်(မကွေး) The 7th ICT Project Competition & Show, 2026 အခမ်းအနားကျင်းပ



**မကွေး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကွန်ပျူတာတက္ကသိုလ်(မကွေး)The 7th ICT Project Competition & Show, 2026 အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ ကျင်းပသည်။

ဦးစွာ The 7th ICT Project Competition & Show, 2026 အတွက် ဆောင်ရွက်ချက် မှတ်တမ်း Video Clip ပြသခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ် (မကွေး)ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းသန်းက (၇)ကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာပရောဂျက်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး The 7th ICT Project Competition & Show, 2026 ပြပွဲ၊ ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ချီးမြှင့်ငွေများပေးအပ်ကာ ကွန်ပျူတာတက္ကသိုလ်(မကွေး) ပြိုင်ပွဲဝင် Project များကို လှည့်လည်အားပေးကြည့်ရှုသည်။

ထို့ပြင် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အမှတ်ပေးစည်းမျဉ်းများ ဖတ်ကြားခြင်း၊ ပြိုင်ပွဲများကျင်းပကာ အကဲဖြတ်အမှတ်ပေးခြင်း၊ ပြိုင်ပွဲဝင်အသင်းများ ရရှိထားသော မဲလက်မှတ်များရေတွက်ခြင်း၊ ဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ညောင်ရွှေ စက်တင်ဘာ ၂**

အကြောင်းအမျိုးမျိုးကြောင့်ကျောင်းပြင်ပ ရောက်ရှိနေသောကလေးများနှင့် မိသားစုများကို ဘဝရပ်တည်နိုင်ရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်၊ အန္တရာယ်ရှိသည့် အလုပ်အကိုင်များတွင် ကလေးအလုပ်သမား ပပျောက်ရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးပြီး အလုပ်အကိုင်ရှာဖွေပေးနေခြင်းဖြစ်ပါကြောင်း၊ ယခု သင်တန်းမှတစ်ဆင့်အဆင့်မြင့်နည်းပညာများကို ဆက်လက်လေ့လာသင်ယူရင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းရရှိပြီး မိမိဘဝရပ်တည်နိုင်ရေး၊ မိသားစုဝင်ငွေ တိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်ကြစေရန် စက်ချုပ်သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲတွင် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးအပ်ပြီး သင်တန်းသူများချုပ်လုပ်ထားသည့် အထည်အကျီများ၊ ကွန်ပျူတာခန်းမ၊ စက်ချုပ်သင်တန်းခန်းမ၊ သင်တန်းကျောင်းရှိ ဟိုတယ်ဝန်ဆောင်မှုသင်တန်းအတွက် ဆောင်ရွက်ထားရှိသည့် ဧည့်ရိပ်သာတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မူလတန်းအောက်ဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များနှင့် စာရေးကိရိယာများ၊ ကျောင်းစာကြည့်တိုက်သုံးစာအုပ်များနှင့် ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အခြေခံပညာအလယ်တန်းကျောင်းရှိ မူလတန်းအောက်ဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များနှင့် စာရေးကိရိယာများ၊ ကျောင်းစာကြည့်တိုက်သုံး စာအုပ်များနှင့် ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က သွားရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။

ထို့ပြင် တောင်ငူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာကွန်းခန်းမ၌ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သင်ယူသူ ဗဟိုပြုသင်ကြားနည်းစနစ်ဖြင့် သင်ကြားသင်ယူမှု အရည်အသွေးတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအနေဖြင့် ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



အဆိုပါတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားကာ ကျောင်းစာကြည့်တိုက်တွင် ထားရှိရန် စာအုပ်များနှင့် ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် နယ်မြေခံတပ်ရှိ အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး မူလတန်းအောက်ဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များနှင့် စာရေးကိရိယာများပေးအပ်ပြီး ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ကျောင်းဖြစ်သည့် ပဲခူးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့သွားရောက်၍ ကျောင်းအတွင်းရေဝင်ရောက်မှုနှင့် ကျောင်းဆောင်ပြင်ဆင်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**ထားဝယ် စက်တင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် ပူးပေါင်းအဖွဲ့များက ငလျင်လှုပ်ခတ်ပြီးသည်နှင့် တစ်ပြိုင်တည်း မီးသတ်ယာဉ်၊ လူနာကူညီသယ်ဆောင်ရေးယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း ကိရိယာများ အသုံးပြု၍ကယ်ဆယ်ခြင်း၊ ကျောင်းအတွင်း ပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ/ ပျောက်ဆုံးသူများရှိ/ မရှိကို စာရင်းကောက်ယူစိစစ်ဆောင်ရွက်ခြင်း စသည်တို့ကို ဇာတ်တိုက်လေ့ကျင့်ကြပြီး ဇာတ်တိုက်လေ့ကျင့်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ နံနက် ၁၁ နာရီ ၂၀ မိနစ် ၄၈ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုလဲမြို့၏ အနောက်ဘက် ၁၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၇ ဒီဂရီ၊ အနက် ၈၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လူရည်ချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ပေးနေခြင်းသည် လူငယ်မောင်မယ်များ၏ ကြိုးစားအားထုတ်ခဲ့မှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းအားများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် လူငယ်မောင်မယ်များ၏ ရင်ထဲတွင်အောင်မြင်မှု၏ အသီးအပွင့်များကို ခံစားတတ်ပြီး ဘဝတစ်လျှောက်အောင်မြင်မှုကို ရင်းနှီးခုံမင်တတ်သည့် စိတ်အမြုတေတစ်ခုဖြစ်ပေါ်လာစေရန် ထုဆစ်ပုံဖော်ပေးခြင်းလည်းဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် (၆)ဘာသာဂုဏ်ထူးရရှိသူ(၅၃)ဦး၊ (၅)ဘာသာဂုဏ်ထူးရရှိသူ(၁၂၀)ဦး၊ လူရည်ချွန်ဆုရရှိသူ(၂၉)ဦး၊ (၃)ဘာသာဂုဏ်ထူးရရှိသူ စစ်သည်(၄)ဦး၊ (၂)ဘာသာဂုဏ်ထူးရရှိသူ စစ်သည်(၅)ဦးနှင့် (၁)ဘာသာဂုဏ်ထူးရရှိသူ စစ်သည် (၈)ဦးတို့အပြင်အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့်တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်များအနေဖြင့် ယခုအခါ အခြေခံပညာအဆင့်ကို ထူးချွန်မှုများနှင့်အတူ အောင်မြင်ခဲ့ပြီးဖြစ်၍ ရရှိသည့်အမှတ်စာရင်းများအလိုက် အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားသွားကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကိုသင်ကြားရန်အတွက် ရွေးချယ်ရာတွင် မိမိဝါသနာအပေါ်အခြေခံပြီး ရွေးချယ်နိုင်ကြမည်ဆိုပါက မိမိတို့ဘဝရပ်တည်ရေးနှင့် အောင်မြင်မှုများအတွက် အကောင်းဆုံးဖြစ်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်းများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ Mobile Phone သုံးစွဲမှုနှင့်အတူ လူမှုကွန်ရက်ပလက်ဖောင်းအသီးသီးတွင် သုံးစွဲမှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်ကိုတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲမှုအရွယ်များကို လေ့လာကြည့်ပါက KG မတိုင်မီအရွယ်အပါအဝင် အဆင့်မြင့်တက္ကသိုလ်ပညာသင်အရွယ်များအထိ ပါဝင်နေသည်ကိုတွေ့မြင်နေရကြောင်း၊ လူမှုကွန်ရက်ပလက်ဖောင်းမျိုးစုံကတစ်ဆင့်သတင်းတု၊ သတင်းမှားများဖြစ်မိပြီး စိတ်အလိုလိုက်ကာ လွဲမှားသည့် အယူအဆအမှားများကတစ်ဆင့် လမ်းမှား၊ ဘဝပျက်ခဲ့ရသည့် လူငယ်များရှိနေသကဲ့သို့ လူငယ်များ၏ လောကနီတိဖွံ့ဖြိုးမှု၊ လူငယ်များ၏စွမ်းရည်မြင့်မားရေးဆိုင်ရာလေ့လာမှုအပိုင်းများတွင် စိတ်ပါဝင်စားမှုနှင့်လိုက်နာမှုများတစ်စတစ်စလျော့ပါးလာသည့်အနာဂတ်အန္တရာယ်များကို တွေ့မြင်နေရကြောင်း။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ဆိုရှယ်မီဒီယာများသုံးစွဲခြင်းကို စည်းကမ်းတကျစီမံကြပ်မတ်ဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူသားတို့၏ ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကောင်းပေမွန်များဖတ်ရှုခြင်းဖြင့် ဘဝ၏ စဉ်းစားတွေးခေါ်မှုများ၊ ဘဝ၏ ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် တတ်မြောက်ထားသည့် အတန်းပညာများသာမက အသိပညာ၊ အတတ်ပညာများကိုပါ ပိုမိုရင့်သန်စေခြင်းဖြစ်၍ လက်ရှိငယ်ရွယ်စဉ်ကတည်းက စာပေများ **စာမျက်နှာ ၁၆ သို့** ☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

★ **စာမျက်နှာ ၁၅ မှ**

ဖတ်ရှုခြင်းဝါသနာကို မွေးမြူကြရန်လိုအပ်ကြောင်း။

တပ်မတော်သား အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်၏ နယ်မြေအသီးသီးတွင် ကျရာတာဝန်ကိုနေရာဒေသမရွေးထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာနယ်မြေအသီးသီးတွင် ပေးအပ်လာသည့်ကျရာတာဝန်များကိုထမ်းဆောင်ကြရင်း ကိုယ်စီမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများကို တိုးတက်အောင် ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ ထိုသို့ ဘဝ၏စိန်ခေါ်မှုများကြားက မိမိတို့သားသမီးများ၏ပညာရည်မြင့်မားရေးကို စွမ်းစွမ်းတမံ ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသူများသည် နိုင်ငံတော်၏စစ်သည်တော်ကောင်းများဖြစ်သကဲ့သို့ မိသားစု၏ မိဘကောင်းများအဖြစ်လည်း သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ မိဘ၏အရိပ်အောက်မှ ကြိုးစားအောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်တို့အနေဖြင့်လည်း မိသားစု၏သားသမီးကောင်းရတနာများအဖြစ် သာမက နိုင်ငံ့သားကောင်းရတနာများအဖြစ်ပါ ဆင့်ကဲကမ္ပည်းထိုးနိုင်ခဲ့မှုအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုကို အပိုင်းခွဲဖော်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရန်အတွက် တပ်မတော်ပညာရေးကျောင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာရေးအထိ သင်ကြားအောင်မြင်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်း ထမ်းရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှစ်ကျောင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခွဲ၍ နေပြည်တော်နှင့်ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍသစ်အဖြစ် ဖွင့်လှစ်လိုက်သည့်ကျောင်းများတွင် တပ်မတော်သားမိသားစုဝင်များ၊ တပ်မတော်သားအငြိမ်းစားများ၏မိသားစုဝင်များအပြင် တပ်မတော်နှင့်တပ်မတော်၏ ပညာရည်မြင့်မားရေးဖော်ဆောင်မှုအပေါ် စိတ်ပါဝင်စားစွာ တက်ရောက်လိုသူများကို ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သကဲ့သို့ တက်ရောက်လိုသူများကိုလည်း အမြဲတမ်းကြိုဆိုလျက်ရှိကြောင်း။

လူငယ်မောင်မယ်တို့ ကိုယ်စီတွင် ပိုင်ဆိုင်ထားပြီးဖြစ်သည့် ထူးချွန်လိုသည့်စိတ်ဓာတ်၊ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းချက်ထားရှိခဲ့သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ ထူးချွန်အောင်မြင်မှုကို ခုံမင်သည့်စိတ်ဓာတ်များကိုအခြေခံပြီး မိမိတို့ရွေးချယ်ရာ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များတွင်လည်း ထူးချွန်အောင်မြင်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်၊ မိမိဘဝအတွက်၊ မိမိ မိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည်မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်သည့် အညွန့်တလူလူစိတ်ဓာတ်နှင့် နိုင်ငံတော်၏အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာ အထက်တန်းကျောင်းများမှကျောင်းအုပ်ချုပ်မှုတာဝန်ခံ (၃) ဦး၊ လူရည်ချွန်ဆုရရှိသူ (၃) ဦးနှင့် (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ (၂)ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူ (၃)ဦးနှင့် (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ (၅)ဦးတို့အားဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှကျောင်းအုပ်ချုပ်မှုတာဝန်ခံ (၃)ဦး၊ လူရည်ချွန်ဆုရရှိသူ (၃) ဦးနှင့် (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ (၃)ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**❖ လူသားတို့၏ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်၊ စာကောင်းပေမွန်များဖတ်ရှုခြင်းဖြင့် ဘဝ၏စဉ်းစားတွေးခေါ်မှုများ၊ ဘဝ၏ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ် . . .**

**❖ တပ်မတော်အနေဖြင့် ပညာရည်မြင့်မားရေးကိုဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုကို အပိုင်းခွဲဖော်ဆောင်လျက်ရှိ၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးပင်ဖြစ် . . .**

**❖ မိမိဘဝအတွက်၊ မိမိ မိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည်မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်သည့် အညွန့်တလူလူ စိတ်ဓာတ်နှင့် နိုင်ငံတော်၏အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သူ များဖြစ်အောင် ဆက်လက်ကြိုးစား . . .**

ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား လူရည်ချွန် ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားစဉ်။



ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်နန်းကူးကူးက လူရည်ချွန်ဆုရရှိသူ (၃)ဦးနှင့် (၆) ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ (၆)ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသူများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၆ နာရီတွင် ရန်ကုန်မြို့ Melia Hotel ရှိ Grand Ballroom ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အခမ်းအနားသို့




တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။

ယင်းနောက်မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ဧည့်သည်တော်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသင်တန်းကျောင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ပြုပြင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၂

မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ်ရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သင်တန်းကျောင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) အကြီးစားပြန်လည်ပြုပြင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်းကျောင်း ပြုပြင်ပြီးစီးမှုအခြေအနေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ ဦးခင်လတ်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လာမည့်ဘဏ္ဍာနှစ်တွင်သင်တန်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ကောင်းမွန်စွာသိရှိနားလည်၍ စွမ်းဆောင်ရည်မြင့်မားလာစေရေး၊ ရာထူးအဆင့်လိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သိရှိနားလည်စေရေး၊ ရုံးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှု၊ ဝန်ထမ်းရေးရာ စည်းမျဉ်း၊ စည်းကမ်းများ သိရှိနားလည်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့အတူ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်တည်ဆောက်နေမှု၊ မဏိရတနာကျောက်စိမ်းခန်းမ ခန်းမအဝင်ပြင်ဆင်ထားရှိမှု၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်စိမ်းဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ သင်တန်းကျောင်းမှသင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဒီပလိုမာလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများပေးအပ်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတွင် မွေးမြူရေးကဏ္ဍဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနိုင်ရေးကြိုးပမ်းရာ၌ ကျေးလက်ဒေသအထိ ကွင်းဆင်းဝန်ဆောင်မှုပေးနိုင်သည့် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးဆိုင်ရာကျွမ်းကျင်သူများတိုးပွားလာစေရန်တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံပညာကို စာတွေ့ ကိုးလလက်တွေ့သုံးလဖြင့် တစ်နှစ်သင်တန်းကို ၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးလျက်ရှိသည်။



သင်တန်းအမှတ်စဉ်(၁)နှင့် သင်တန်းအမှတ်စဉ်(၂)အထိ သင်တန်းသား၊ သင်တန်းသူ ၁၁၇ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဒီပလိုမာလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ၂၀၂၆ ခုနှစ်တွင် ဖွင့်လှစ်သည့်သင်တန်းအမှတ်စဉ်(၃)တွင် သင်တန်းသား၊ သင်တန်းသူ ၈၂ ဦး တက်ရောက်သင်ယူလေ့လာလျက်ရှိကြကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်တို့နှင့်အတူ အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းပြီးဆုံးပါက တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးဆိုင်ရာ အတတ်ပညာကျွမ်းကျင်သည့် ပညာရှင်ဝန်ထမ်းများအဖြစ် နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းသွားကြရန် အားပေးစကား ပြောကြားသည်။

ထို့ပြင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအနီးရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျဉ်းမပင်မွေးမြူရေးခြံများ နယ်မြေ၊ နို့စားနွားမွေးမြူရေးအသုံးချသုတေသနနှင့်သရုပ်ပြခြံအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်အစာပင် မျိုးထိန်းမျိုးပွားခြင်း၊ ရိတ်သိမ်းသိုလှောင်မှုနှင့် ရေပေးသွင်းစိုက်ပျိုးမှုစနစ်မှန်ကန်ရေး၊ ဌာနပိုင်ခြံများ မြေလပ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး စနစ်တကျစီမံခန့်ခွဲရန် နည်းလမ်းများ၊ ဒေသစားသုံးမှု ဖူလုံပိုလျှံရေးအတွက် အသားတိုး နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဌာနနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထားရှိမှုများနှင့် ဌာနပိုင်မြေနေရာများ အသုံးပြုထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ဖြူးချောင်းရေအားလျှပ်စစ်စက်ရုံမှ တစ်ရက်လျှင် ၆၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေပြီး ရေဝင်ရောက်မှုပြည့်မီပါက ၈၀၀ မဂ္ဂါဝပ်အထိတိုးထုတ်ပေးနိုင်



**ပဲခူး စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးချောင်းရေလှောင်တမံ၏ ရေအားလျှပ်စစ်စက်ရုံမှ တစ်ရက်လျှင် ၆၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပြီး မိုးရာသီ၌ ရေဝင်ရောက်မှုပြည့်မီပါက ၈၀၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ကြောင်း ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ သိရသည်။

မိုးရာသီ၌ ရေလှောင်တမံအတွင်းသို့ ရေမပြတ်ဝင်ရောက်လျက်ရှိရာ တမံရေပြည့်ရန် ၁၅ ပေကျော်လိုနေပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၁၀၀ လက်မရရှိသောဒေသဖြစ်၍ တမံအတွင်းသို့ ပျမ်းမျှ ၆၆၈၀၀၀ ကေပေ ရေစီးဝင်မှုဖြင့် ၆၃၂၅၃၀ ဧကပေ ရေသိုလှောင်နိုင်သည်။ ရေဆင်းဧရိယာ ၄၂၂ စတုရန်းမိုင်ရှိပြီး ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်၍ ရေလှောင်တမံ၏ အလျားသည် ၁၀၂၀ ပေရှိကာ ၂၄၅ ပေ မြင့်သည်။

"ရေဝင်ရောက်မှုကအဆင်ပြေပါတယ်။ ရေပြည့်ဖို့ ၁၅ ပေကျော်လိုပါသေးတယ်။ ရရှိတဲ့လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားလိုင်းထဲကို ဖြည့်ဆည်းပေးနေတဲ့ ရေလှောင်တမံတစ်ခုလည်းဖြစ်ပါတယ်။ ပုံမှန်ဒီအချိန်ဆိုရင် ရေအားလျှပ်စစ် ၄၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရာကနေ ရေဝင်ရောက်မှုကောင်းလာတဲ့အတွက် တစ်ရက်ကို ၆၀၀ မဂ္ဂါဝပ်နာရီ ထုတ်ပေးနေပါတယ်၊ ရာသီမပြတ်လျှပ်စစ်ထုတ်ပေးနေပြီး ကန်ရေပြည့်ရင် ၈၀၀ မဂ္ဂါဝပ် အထိ ထုတ်လုပ်ပေးနိုင်တဲ့နိုင်ငံအကျိုးပြု ရေလှောင်တမံလည်း ဖြစ်ပါတယ်"ဟု ဖြူးချောင်းရေလှောင်တမံဓာတ်အားပေးစက်ရုံမှ စက်ရုံမှူး ဦးမင်းသူအောင်က ပြောသည်။

ဖြူးချောင်းရေလှောင်တမံဓာတ်အားပေးစက်ရုံသည် အလျားပေ ၃၃၀၊ အနံပေ ၁၁၀ နှင့် အမြင့်ပေ ၁၁၀ ရှိပြီး တာဘိုင်သည် Francis – Vertical Shaft အမျိုးအစားဖြစ်သည်။ တာဘိုင်မှ ၂၀၃၁ ဒသမ ၆၅ ကုဗပေ(တစ်စက္ကန့်) ရေစီးနှုန်း ထုတ်ပေးကာ ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှဓာတ်အား ၁၂၀ သန်းကီလိုဝပ်နာရီ ထုတ်လုပ်ပေးလျက်ရှိရာ ရရှိသောဓာတ်အားကို ၂၃၀ ကေဗွီ တောင်ငူဓာတ်အားလိုင်းမှ နိုင်ငံတော်ဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးသည်။

ရေလှောင်တမံသည် အလယ်ရိုးမမှစီးဆင်းလာသောရေများကို သိုလှောင်ထိန်းညှိပေးပြီး ဖြူးမြို့နယ်နှင့်အုတ်တွင်းမြို့နယ်တို့အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကိုလည်း အထောက်အပံ့ပြုသည့်အပြင် စစ်တောင်းမြစ်ဝှမ်းရေလွှမ်းမိုးမှုကာကွယ်ပေးခြင်းနှင့်ဖြူးနှင့် ဇေယျဝတီမြို့မှ တောင်သူများလိုအပ်သည့် နွေရာသီစိုက်ပျိုးရေလိုအပ်ချက်ကိုလည်းဖြည့်ဆည်းပေးသည်။

ဖြူးချောင်းရေလှောင်တမံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လ၌ ရာနှုန်းပြည့်ပြီးစီးခဲ့ရာ ဩဂုတ်လ ၂၉ ရက်မှစ၍ ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ပေးခဲ့သည့်အပြင် ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကိုလည်း အကျိုးပြုလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)


## နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## မိုးလေဝသ သတင်း



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏မြစ်ကမ်းရေတိုက်စားမှုကြောင့်ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလပန်းတာ တာမိုင်(၁၁/၆)နှင့်(၁၁/၇)ကြား Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာပြုလုပ်ခြင်းတွင် တာတစ်လျှောက်ရှိ မြေပျော့များဖယ်ရှားခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများက ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက် (၁၉)ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့်ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၂ လက်မခန့်သာကျန်ရှိတော့သဖြင့် ၃ ပေ ၄ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၅ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဒေသရှိ ပြန်လည်ကျဆင်းသွားသည့် မြို့ရွာများမှ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ဘုန်းတော်ကြီးကျောင်းများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ချင်းတွင်းမြစ်ရေနှင့် မြစ်သာမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေ ၄ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄ ပေ ၁၀ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေ ၅ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့တက်ရောက်ကြမည့်တနင်္သာရီတိုင်းဒေသကြီးအတွင်းမှနိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိနယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



**ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။





**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအလှများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



**အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

➪ **ကျောဖုံးမှအဆက်**

ကလေးမြို့၊ မြို့တော်ခန်းမနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့၌ ယာယီရေဘေးရှောင်စခန်းများဖွင့်လှစ်၍ ရွှေ့ပြောင်းပေးလျက်ရှိပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နေ့လယ်ပိုင်းတွင် ခိုင်ကမ်းမြို့ရှိ ဆည်ကြီးချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ရေတိုက်စား၍ ချောင်းကမ်းပါးပြိုကျကာ အမှတ်(၁)ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ၎င်းအနီးရှိနေအိမ်(၁)လုံးရေစီးနှင့်မျောပါသွားခဲ့ကြောင်းသိရသည်။ အဆိုပါချောင်းရေကြီးမှုကြောင့် ခိုင်ကမ်းမြို့ပေါ်ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုမရှိကြောင်း၊ လူ၊ တိရစ္ဆာန်သေဆုံးထိခိုက်မှုမရှိကြောင်းနှင့်လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့များက စနစ်တကျ စုဖွဲ့စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ma Seint" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ပိုးလောင်းလေးကျေးရွာနေ စိမ့်စိမ့်သူအား မွန်းလွဲ ၂ နာရီခွဲတွင် ပြင်စလူနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH DAILY EDITION

# Ceremony to honour soldiers from Tatmadaw (Army, Navy and Air), children of in-service soldiers and war veterans, and children of civilian employees in military substitute positions, who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for academic year 2025-2026 with flying colors and students from basic education schools who received outstanding student award held

NAY PYI TAW September 2

A ceremony to honour soldiers from Tatmadaw (Army, Navy and Air), children of in-service soldiers and war veterans, and children of civilian employees in military substitute positions, who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for academic year 2025-2026 with flying colors and students from basic education schools who received outstanding student award took place at Zeyathiri Villa in Nay Pyi Taw this afternoon. Commander-in-Chief of Defence Services General Ye Win Oo attended the ceremony and presented prizes.



General Ye Win Oo presents award to a student who passed the matriculation examination with flying colours.

Also present at the ceremony together with General Ye Win Oo were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nan Kuu Ku, union ministers and wives, the Chief of General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and wives, the chairman and central executive committee members of Myanmar War Veterans Organization, administrators and heads of Tatmadaw basic education high schools and Tatmadaw education schools, prize winner soldiers and students, parents, teachers and invited guests.



General Ye Win Oo cordially greets students who excel in their studies.

In his honorary speech, Commander-in-Chief of Defence Services General Ye Win Oo said the Tatmadaw is holding the annual ceremony to present outstanding awards in education to acknowledge and honour the efforts, zeal, perseverance, diligence and energy of youths. It is also a ceremony to enable young people to taste the fruits of success, and to serve as a lifelong drive for success.

At this ceremony, 53 all-subject distinction winner students, 120 five-subject distinction winner students, 29 outstanding students, four three-subject distinction winner soldier students, five two-subject distinction winner soldier students, eight one-subject distinction winner soldier students, along with the Tatmadaw BEHSs and Tatmadaw education schools with the best pass rates will be deservingly honoured. Prizes will be presented to the remaining award-winners at the relevant military command headquarters.

The outstanding youths here will have to pursue higher university education based on the scores they achieved. If they are able to choose the higher education branch based on their own passions, it will be the best for their life and success and will provide support for the country.

As it is now the age of technology, there is a daily rise in the number of mobile phone and social platform users. And the users include a large diversity of ages, from pre-kindergarten children to university students. There are youths whose lives were ruined after been driven towards the wrong path by the fallacious concepts they received from false information on various social platforms. Future threats have become visible due to gradual loss of interest in moral teachings, and study on capacity building among youths.

In this regard, parents must properly discipline their children over their use of social media. Good literature is one of man's best companions. By reading good literature, thinking power, decision-making ability and the standard of life will enhance more and more. As reading enriches not only academic knowledge but also wisdom and practical skills, people should nurture their reading habit from their childhood days.

He stated that military officers and soldiers serve anywhere in various territories of the nation as assigned, fulfilling their duties while working to advance their families' education, health, and social aspects. He added that those who successfully ensure their children's educational excellence amidst life's challenges are recorded in history not only as good soldiers of the nation but also as good

SEE PAGE - 22

FROM PAGE - 21

parents of their families. He expressed great pride and delight that the youth who strove and succeeded under their parents' guidance have distinguished themselves not only as precious children of their families but also as worthy gems of the nation.

He stated that the Tatmadaw is promoting educational standards across two sectors: elevating education for military personnel and advancing educational opportunities for their family members. He noted that while military educational schools enhance the qualifications of personnel, continuous efforts are carried out in collaboration with the Ministry of Education to ensure family members succeed from basic to higher education. He added that for the current 2026-2027 academic year, two Tatmadaw youth training schools were opened in Nay Pyi Taw and Yangon, covering Upper and Lower Myanmar, respectively. He emphasized that these newly established schools are teaching family members of serving and retired military personnel, as well as anyone interested in the Tatmadaw's educational initiatives, with new applicants always welcome.

He urged the youth to build upon their existing drive for excellence, firm determination established from an early age, and passion for success to achieve further distinction in their chosen higher university studies. He added that they should continue striving with an eager, burgeoning spirit to learn and master everything necessary for their lives, families, and the nation, thereby preparing themselves to assume the future responsibilities of the State.

Adjutant-General Lt-Gen Zaw Hein then presented details regarding the awards won by outstanding soldiers, children of military personnel, children of veterans, and children of civilian employees in military substitute positions who excelled in the 2025-2026 academic year matriculation exam and technical, agricultural, and livestock matriculation exams, as well as outstanding student award-winning students, and the Tatmadaw education schools and basic education schools that secured first, second, and third prizes for the highest pass rates.

During the honor award presentation ceremony, Commander-in-Chief of Defence Services General Ye Win Oo presented honorary badges, awards, and certificates of honor to three principals in charge of basic education high schools under the Directorate of Public Relations and Psychological Warfare that achieved first, second, and third prizes for the highest pass rates in the 2025-2026 academic year matriculation exam, as well as three outstanding student award winners and two outstanding students who passed with six distinctions.

Subsequently, Daw Nilar, wife of the Commander-in-Chief of the Defence Services, presented commemorative medals, awards, and certificates of honour to three students who received the outstanding student award and to five students who excelled with distinctions in six subjects.

Following this, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin presented commemorative medals, awards, and certificates of honour to three school administrators, three recipients of the outstanding student award and three students who passed the matriculation examination for the 2025–2026 academic year with distinctions in six subjects from Tatmadaw educational schools under the command of the Directorate of Public Relations and Psychological Warfare.

Continuing the ceremony, Daw Nan Kuu Ku, wife of the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) also presented commemorative medals, awards and certificates of honour to three "outstanding student" award recipients and six students who excelled with distinctions in six subjects.

Following this, Union Ministers and their wives, the Chief of General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, the Chairman of the Central Executive Committee of Myanmar War Veterans Organization, along with senior military officers from the Office of the Commander-in-Chief and their wives, presented commemorative medals, awards and certificates of honour to outstanding students and soldiers who had achieved distinctions and outstanding student awards.

After the presentation of awards, a representative of the prize-winners delivered a vote of thanks on behalf of the awardees. Subsequently, Commander-in-Chief of Defence Services General Ye Win Oo and party posed for a group commemorative photo with the award-winning students and soldiers, along with the responsible officials.

Following the photo session, General Ye Win Oo and his wife Daw Nilar hosted a refreshment reception for the attendees, including the award-winning soldiers, students, parents, and teachers. During the reception, artists from the Myawady Music Band, under the supervision of the Directorate of Public Relations and Psychological Warfare, performed youth tribute songs.

After the reception and entertainment, General Ye Win Oo and party cordially greeted and exchanged pleasantries with the outstanding students, soldiers, parents, and responsible officials.

**100**

# Plan underway to grow more than 30,000 acres of rainfed paddy in Yinmabin Township this year

YINMABIN September 2

Local authorities earmarked cultivation of more than 30,000 acres of rainfed paddy in Yinmabin Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin Township has targeted the cultivation of 30,000 acres of rainfed paddy. Planting is scheduled to take place from July through September this year.

"We have set a target of cultivating 30,000 acres of monsoon paddy in Yinmabin Township during this year's monsoon cropping season. Efforts will be made to ensure that the target acreage is fully achieved. We will provide the necessary cultivation technologies and seed varieties for paddy production. Field-level support will also be carried out to help farmers complete monsoon paddy planting on time," said U Hla Myint, Head of the Department of Agriculture in Yinmabin Township.

During this year's monsoon cropping season, the relevant township agriculture department and local farmers will work together to ensure that monsoon paddy can be cultivated systematically and without difficulties.

Farmers cultivating monsoon paddy in Yinmabin Township will receive agricultural technical assistance, awareness training on pest prevention and control, guidance to minimize crop losses, and information on ensuring that harvested paddy is transported under shelter in a timely manner.

To ensure successful crop establishment and good yields from this year's monsoon paddy fields in Yinmabin Township, staff from the Township Department of Agriculture will provide field-based technical support, including the selection and cultivation of quality certified seeds, pest monitoring, land preparation and weeding, removal of off-type plants, and the proper application of fertilizers, along with other agricultural extension services.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar's Response to the Statements and Remarks made by certain countries with regard to the incidents that took place in northern Rakhine State in August 2017

## (3 September 2026, Nay Pyi Taw)

It has been observed that certain countries issued statements, made remarks, posted on social media including Facebook and X and published news in reference to the incidents that took place in northern Rakhine State on 25 August 2017.

These statements and remarks did not accurately reflect the situation on the ground and failed to acknowledge that the subsequent incidents in northern Rakhine State were caused by the coordinated and premeditated attacks by ARSA terrorists.

What actually happened in northern Rakhine State is that the ARSA terrorists had committed terrorist attacks in October and November 2016 causing the loss of lives of Myanmar security personnel and civilians.

On 25 August 2017, the ARSA terrorists carried out simultaneous and coordinated attacks on 30 police outposts and a Regiment Headquarters in northern Rakhine State resulted in the deaths of Myanmar security personnel, government officials and innocent people while many others were injured.

However, certain countries have ignored the brutal acts committed by the ARSA terrorists. Terrorism in all its forms and manifestations must be condemned.

These terrorist attacks and threats driven by violence extremism of the ARSA terrorists led to the displacement of local ethnic residents to other towns and villages in Rakhine State and Bengalis from northern Rakhine State to Bangladesh. Therefore, it is important to highlight that the root causes of the incidents and the actual situation on the ground should not be overlooked, nor should any actions be taken that could undermine the image and dignity of Myanmar.

As a sovereign State, Myanmar has the right to protect itself and respond to any terrorist attacks against the State and its people by taking counter-terrorism measures. Moreover, Myanmar security personnel, in responding to these terrorist attacks, acted in accordance with the Rules of Engagement (RoE) to protect the innocent local populace and their properties to maintain peace and stability in Rakhine State.

Moreover, Myanmar categorically rejects the expression using a nomenclature that falsely claims an ethnic identity which has never existed in Myanmar. Therefore, the issuance of statements and remarks using such terminology for political purposes to gain political advantage over the related incidents in northern Rakhine State is unacceptable. Those actions would not contribute constructively to Myanmar's sincere efforts to repatriate the verified displaced persons in accordance with the agreements reached between Myanmar and Bangladesh in 2017 and 2018.

In addition, Myanmar reiterates its concern over allegations that all individuals residing in the camps in Bangladesh are listed as people from Myanmar. The repatriation of displaced persons is a matter to be resolved between the two countries. Myanmar is committed to working closely with Bangladesh and friendly countries to facilitate the voluntary return of verified displaced persons in a safe and dignified manner.

In this regard, Myanmar issued a Press Statement on its ongoing efforts on repatriation of displaced persons from Rakhine State on 15 August 2026.

Therefore, Myanmar rejects the politically motivated statements, remarks, social media posts made by certain countries and news articles without due consideration of the root causes of the said incidents and the actual situation on the ground.

**Ministry of Foreign Affairs**

**Nay Pyi Taw**

**Dated: 3 September 2026**

# Coordination for Repatriation of 1,476 Myanmar Nationals Detained in Immigration Detention Camps in Malaysia Currently Underway

## (2 September 2026, Nay Pyi Taw)

The Government of Myanmar repatriated a total of 1,086 verified Myanmar nationals who were facing hardship and unable to afford to return to Myanmar after serving their respective sentences in immigration detention camps for illegal stay and violation of immigration regulations were repatriated from Malaysian immigration detention camps by Myanmar naval vessels on humanitarian basis in 2021.

Likewise, the relevant Myanmar authorities and Malaysian authorities have coordinated the repatriation of verified 1,476 Myanmar nationals under the same conditions by Myanmar naval vessels on 27 and 28 August 2026.

However, the Malaysian side subsequently informed that it would not be convenient to facilitate the Myanmar side's request on the aforementioned dates and proposed to reschedule the dates to 28 and 29 September 2026. Accordingly, the Government of Myanmar will re-arrange the repatriation on the proposed dates.

The Government of Myanmar has been putting great emphasis on safeguarding the interests of its nationals abroad, and is constantly providing necessary consular assistance and facilitate their repatriation through the relevant Myanmar embassies and Consulates-General to help and assist Myanmar nationals who are facing difficulties and hardships in foreign countries for various reasons.

**Ministry of Foreign Affairs**

**Nay Pyi Taw**

**Dated: 2 September 2026**

# English Grammar in Use (Intermediate Level)

## Unit 59 prefer and would rather

### A prefer to … and prefer -ing

When you say what you prefer in general, you can use **prefer to** … or **prefer -ing:**

- I don't like cities. **I prefer to live** in the country. or I **prefer living** in the country.

You can say:

| | |
|---|---|
| **prefer** something | **to** something else |
| **prefer doing** something | **to doing** something else<br>**rather than** (**doing**) something else |
| **prefer to do** something | **rather than** (**do**) something else |

- **I prefer** this coat **to** the other one.
- I **prefer driving to travelling** by train. or
  I **prefer driving rather than travelling** by train.
- I **prefer to drive rather than travel** by train.
- Sarah **prefers to live** in the country **rather than** in a city.

### B would prefer (I'd prefer …)

We use **would prefer** to say what somebody wants in a specific situation (not in general):

- '**Would** you **prefer** tea or coffee?' 'Coffee, please.'

We say 'would prefer **to do** something' (not usually would prefer doing):

- 'Shall we go by train?' '**I'd prefer to drive.**' (= **I would** prefer …)
- I'd **prefer to stay** at home tonight **rather than go** to the cinema.

### C would rather (I'd rather …)

**I'd rather = I would** rather. **I'd rather do** something **= I'd prefer to do** it.

We say **I'd rather** do (not to do). Compare:

- 'Shall we go by train?' ⎡'I'**d rather drive**.' (not to drive)
  ⎣'I'**d prefer to drive**.'
- Which **would** you **rather do,** ⎤ go to the cinema or go shopping?
- Which **would** you **prefer to do**, ⎦

The negative is **'I'd rather not …' :**

- I'm tired. **I'd rather not go** out this evening, if you don't mind.
- 'Do you want to go out this evening?' **'I'd rather not.'**

We say **'I'd rather do** one thing **than do** another':

- **I'd rather stay** at home tonight **than go** to the cinema.

### D I'd rather somebody did something

We say **'I'd rather** you **did** something' (not I'd rather you do):

- 'Who's going to drive, you or me?' **'I'd rather** you **drove.'** (= I would prefer this)
- 'Jack says he'll repair your bike tomorrow, OK?' '**I'd rather** he **did** it today.'
- Are you going to tell Anna what happened, or **would** you **rather** I **told** her?

We use the past (**drove**, **did** etc.) here, but the meaning is present not past. Compare:

- I'd rather **make** dinner now.
  I'd rather you made dinner now. (not I'd rather you make)

I'd rather **you didn't** (do something) = I'd prefer you not to do it:

- **I'd rather you didn't tell** anyone what I said.
- 'Shall I tell Anna what happened?' '**I'd rather you didn't**.'
- 'Are you going to tell Anna what happened?' 'No. I'**d rather** she **didn't** know.'

**would prefer** — **Unit 58B** **prefer** (one thing) **to** (another) — **Units 136D**

Raymond Murphy

## ဒိန်းမတ်က ဂရင်းလန်းသို့ စစ်သည်များစေလွှတ်

**ကိုပင်ဟေဂင်၊ စစ်ရေး**

ဒိန်းမတ်နိုင်ငံက ပြီးခဲ့တဲ့နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဂရင်းလန်းဒေသသို့ စစ်သည်များကိုစေလွှတ်လိုက်ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဂရင်းလန်းကျွန်းကိုတောင်းဆိုနေခဲ့တာပါ။ ဒီအချိန်မှာ ဂရင်းလန်းကျွန်းကိုထိန်းချုပ်နေတဲ့ ဒိန်းမတ်နိုင်ငံက ကျွန်းကာကွယ်ရေးအတွက် စစ်သည်များကို စေလွှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီစစ်သည်တွေက စစ်ရေးလေ့ကျင့်ခန်းတွေကိုလည်း လုပ်ဆောင်နေပါပြီ။

ဒိန်းမတ်နိုင်ငံအနေနဲ့ အာတိတ်ဒေသကာကွယ်ရေးကိုလျစ်လျူရှုတဲ့အတွက် ဒါဟာ အမေရိကန်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကိုစိုးရိမ်စေရတယ်ဆိုပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဂရင်းလန်းကျွန်းကို ဒိန်းမတ်နိုင်ငံဆီကနေ တောင်းဆိုနေခဲ့တာဖြစ်ပါတယ်။ **Ref: SCMP**

## ဂျာမနီတောင်ပိုင်းရှိ ဘူတာရုံမှာ ပေါက်ကွဲမှုဖြစ်ပွား

**အောက်စဘာ့၊ တိုက်ခိုက်မှု**

ဂျာမနီနိုင်ငံတောင်ပိုင်း အောက်စဘာ့မြို့မှာရှိတဲ့ဘူတာရုံမှာ စက်တင်ဘာလ ၂ ရက်နံနက်အစောပိုင်းက အမျိုးအမည်မသိရသေးတဲ့အရာဝတ္ထုတစ်ခု ပေါက်ကွဲမှုဖြစ်ပွားပါတယ်။ အဲဒီပေါက်ကွဲမှုကြောင့် အနားမှဖြတ်သွားတဲ့ အသက် ၁၇ နှစ်နဲ့ ၁၈ နှစ်ရှိ လူငယ်နှစ်ဦးမှာ မစိုးရိမ်ရဒဏ်ရာရရှိတယ်လို့ ရဲတပ်ဖွဲ့ကထုတ်ပြန်ထားပါတယ်။ နောက်ထပ်သံသယဖြစ်ဖွယ်အရာတစ်ခုကိုလည်း တွေ့ရှိရတဲ့အတွက်ဘူတာရုံကိုပိတ်လိုက်ရပေမယ့် အခုတော့ဘူတာရုံကိုပြန်ဖွင့်ထားပြီး စစ်ဆေးမှုတွေလုပ်နေတယ်လို့ ရဲတပ်ဖွဲ့ရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ **Ref: ST**

**သတင်း မှတ်စု**

# အမေရိကန်နဲ့အီရန်တို့ကြား တစ်ညတာတိုက်ခိုက်မှုပြန်ဖြစ်တာနဲ့ တစ်စည်ကို ဒေါ်လာ ၁၀၀ နီးပါးအထိမြင့်တက်လာတဲ့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း




အမေရိကန်နဲ့ အီရန်တို့ကြားမှာအပြန်အလှန်တိုက်ခိုက်မှုတွေမဖြစ်တာ ရက်အနည်းငယ်တော့ကြာနေပါပြီ။ ဒီအတောအတွင်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည်လည်း ကျဆင်းသွားပါတယ်။ နှစ်နိုင်ငံကြားမှာ အပြန်အလှန်သဘောတူညီချက်တွေကို ချိုးဖောက်တယ်လို့စွပ်စွဲနေကြဆဲဖြစ်ပေမယ့် တိုက်ခိုက်မှုတွေလျော့နည်းသွားတဲ့အတွက် လောင်စာစွမ်းအင်ကိစ္စသည်လည်း အနည်းငယ်အနည်ထိုင်စပြုလာတာပါ။ တစ်ချိန်တည်းမှာ အီရန်နဲ့ အိုမန်နိုင်ငံတို့ကြား ဟော်မုရေလက်ကြားကိုပိုင်းခြားရေးကိစ္စနဲ့ပတ်သက်ပြီး သဘောတူညီချက်ရရှိထားတဲ့အတွက် လောင်စာဆီတင်သင်္ဘောကြီးများကလည်း ဒီရေလက်ကြားကနေ ပုံမှန်အတိုင်းဖြတ်သန်းနိုင်တော့မယ်လို့ ကုန်သည်များကယူဆရတာကြောင့်လောင်စာနဲ့ပတ်သက်ပြီး စိတ်အေးနေခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ တစ်ဖက်မှာလည်း မမျှော်လင့်ထားတဲ့အခြေအနေတွေဖြစ်ပွားခဲ့ရင်ဆိုတဲ့ သတိလည်းရှိနေဆဲဖြစ်ပါတယ်။ ကုန်သည်များရဲ့သတိထားမှုဟာ အချည်းနှီးမဖြစ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် စက်တင်ဘာလ ၁ ရက်ညပိုင်းမှာ အမေရိကန်က အီရန်ရှိပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုတွေလုပ်လိုက်လို့ပါပဲ။ အီရန်ဘက်ကလည်း အမေရိကန်ရဲ့တိုက်ခိုက်မှုကို လက်တုံ့ပြန်တဲ့အနေနဲ့ ဒေသတွင်းရှိအမေရိကန်နဲ့ဆက်စပ်ပတ်သက်နေတဲ့နေရာတွေကို ဒရုန်းတွေ၊ ဒုံးကျည်တွေနဲ့ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။ ဒီအခြေအနေကြောင့်ပဲ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းဟာ စက်တင်ဘာလ ၂ ရက်နံနက်ပိုင်းမှာ တစ်စည်ကိုဒေါ်လာ ၁၀၀ နီးပါးအထိပြန်လည်မြင့်တက်လာရပါတယ်။ အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်က အီရန်အပေါ်တိုက်ခိုက်မှုတွေလုပ်ပြီဆိုပြီး လူမှုကွန်ရက်ပေါ်သတင်းတက်လာတဲ့အချိန်မှာ ဘရန့်ရေနံစိမ်းဈေးနှုန်းက တစ်စည်ကို ၅ ရာခိုင်နှုန်းတက်ပြီး ၉၅ ဒေါ်လာဖြစ်လာပါတယ်။ စက်တင်ဘာလ ၂ ရက်မွန်းလွဲပိုင်းမှာတော့ တစ်စည်ကို ၉၇ ဒေါ်လာအထိမြင့်တက်လာတာတွေ့ရပါတယ်။

"ကုန်သည်တွေအနေနဲ့ကတော့ နောက်ထပ်ရေနံထောက်ပံ့မှုအဟန့်အတားတွေနဲ့ ဆက်လက်ရင်ဆိုင်ရဦးမှာပါ။ ကာလတိုကိုလှမ်းကြည့်မယ်ဆိုရင် အီရန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ကြား ပြေလည်ရေးလမ်းကြောင်းဆီသွားနိုင်မယ့်အခြေအနေမရှိတာကိုတွေ့ရပါတယ်။ တစ်ဖက်နဲ့တစ်ဖက်တိုက်ခိုက်မှုတွေလည်း ဆက်လက်ဖြစ်ပွားနေဦးမှာပါ။ ဒါကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကတော့ တော်တော်လေးမြင့်တက်နေဦးမှာဖြစ်တယ်" လို့ တရုတ်နိုင်ငံ ကျဲကျန်းမြို့ရှိ စတော့ဈေးကွက်မှလေ့လာသူတစ်ဦးဖြစ်တဲ့ ယန်းလီလီကပြောပါတယ်။

အမေရိကန်နဲ့အီရန်တို့ကြား တိုက်ခိုက်မှုတွေပြန်ဖြစ်တာနဲ့တစ်ပြိုင်နက် ဟော်မုရေလက်ကြားမှာ ပေါက်ကွဲမှုဖြစ်တဲ့အသံတွေကြားရတယ်လို့ အီရန်ရဲ့ IRIB သတင်းဌာနကဖော်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ ဆော်ဒီအာရေဗျမှ ရေနံစိမ်းများကိုတင်ဆောင်လာတဲ့အကြီးစားလောင်စာဆီတင်သင်္ဘောနှစ်စင်းဟာ အမျိုးအမည်မသိရသေးတဲ့လက်နက်များနဲ့တိုက်ခိုက်ခံရတယ်ဆိုတဲ့သတင်းတွေလည်းကြားရပါတယ်။ အဲဒီလောင်စာဆီတင်သင်္ဘောနှစ်စင်းက ဆော်ဒီအာရေဗျရေနံစိမ်းစည်ပေါင်း ၂ သန်းကိုတင်ဆောင်လာတာဖြစ်ပါတယ်။

ဒါကြောင့် စိတ်အေးရပြီလို့ထင်ရပေမယ့်တစ်ကျော့ပြန်တိုက်ခိုက်မှုတွေဖြစ်လာတဲ့ ဟော်မုရေလက်ကြားကနေ လောင်စာဆီတင်သင်္ဘောတွေကိုစေလွှတ်ဖို့ သင်္ဘောပိုင်ရှင်တွေက ပြန်လည်စဉ်းစားလာရပါပြီ။ နောက်ထပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်တဲ့ ပင်လယ်နီဒေသရှိလမ်းကြောင်းကလည်း လက်ရှိမှာငြိမ်သက်မှုမရှိနိုင်ပါဘူး။ သင်္ဘောပိုင်ရှင်တွေအနေနဲ့လည်း မဖြစ်နိုင်မှန်းသိနေတဲ့အခြေအနေမှာ အရဲစွန့်ရလောက်အောင်အထိ မိုက်ရူးရဲဆန်မယ်လို့ မထင်ပါဘူး။ ဒီလိုသာဆိုရင် အရှေ့အလယ်ပိုင်းမှတင်ပို့နိုင်မယ့် လောင်စာဆီပမာဏဟာ မဆိုစလောက်သာရှိတော့မှာဖြစ်တဲ့အတွက် ရေနံစိမ်းဈေးနှုန်း ထပ်တက်လာဖို့သာရှိပါတယ်။ **Ref: SCMP**

**ထက်မြတ်**



# ထိုင်းနိုင်ငံအထက်ပိုင်းမှာ မိုးကြီးပြီးရေလျှံမယ့်အန္တရာယ်နဲ့ကြုံတွေ့ရမယ်

**ဘန်ကောက်၊ ရာသီဥတု**

ထိုင်းနိုင်ငံအထက်ပိုင်းမှာ စက်တင်ဘာလ ၄ ရက်မှ ၇ ရက်အတွင်း အားကောင်းသောအဆင့်မှ အလွန်အားကောင်းသောအဆင့်အထိရှိတဲ့ မိုးသည်းထန်စွာရွာသွန်းမှုနဲ့အတူ ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပွားမယ့် သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ရမယ်လို့ မိုးလေဝသဌာနက သတိပေးထားပါတယ်။ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းနဲ့အရှေ့မြောက်ပိုင်းဒေသများမှာ ပြင်းထန်တဲ့မိုးသည်းထန်စွာရွာသွန်းမှုကို ကြုံတွေ့ရမှာဖြစ်တယ်လို့ သတိပေးချက်ထဲမှာဖော်ပြထားပါတယ်။

ဒါ့အပြင် ရုတ်တရက်ရေကြီးမှုနဲ့အတူ မြေပြိုမှုတွေ၊ ရေလွှမ်းမိုးမှုတွေပါဖြစ်ပေါ်လာနိုင်တဲ့အတွက် ပြည်သူများအနေနဲ့ မြေနိမ့်ပိုင်းတွေမှာမနေကြဖို့၊ မကြာခဏရေကြီးလေ့ရှိတဲ့နေရာတွေကို သွားခြင်းမှရှောင်ရှားဖို့၊ သတိပေးကာလအတွင်းကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ထားဖို့ တာဝန်ရှိသူများကသတိပေးထားပါတယ်။

အခုလိုအခြေအနေဖြစ်ပေါ်ရတာဟာ မုတ်သုံလေဖိအားနည်းရပ်ဝန်းတစ်ခုက မြောက်အရပ်မှ အရှေ့မြောက်အရပ်အထိဖြစ်ပေါ်နေတဲ့အပြင် ကပ္ပလီပင်လယ်၊ ထိုင်းနိုင်ငံနဲ့ ထိုင်းပင်လယ်ကွေ့တို့မှာ အနောက်တောင်မုတ်သုံလေအားကောင်းနေတာကြောင့်ဖြစ်တယ်လို့ မိုးလေဝသဌာနက ထုတ်ပြန်ထားပါတယ်။

**Ref: AGC**

## ခရီးသွားများကြောင့် ဧဝရတ်တောင်မှ ရေခဲပြင်နဲ့နှင်းတန်ချိန် ၂၅၀၀ ခန့် အရည်ပျော်နေရဟုဆို

**ခတ္တမန္ဒူ၊ သဘာဝဘေး**

တောင်တက်ခရီးသွားသူများကြောင့် ဧဝရတ်တောင်မှာရှိတဲ့ ရေခဲပြင်နဲ့နှင်းတန်ချိန်ပေါင်း ၂၅၀၀ ခန့်ဟာ နှစ်စဉ်အရည်ပျော်ကျနေရတယ်လို့ နိုင်ငံတကာသုတေသနတစ်ခုကတွေ့ရှိထားပါတယ်။ အထူးသဖြင့် နီပေါနိုင်ငံဘက်ခြမ်းရှိတောင်ခြေစခန်းမှာ လူသားတို့ရဲ့လုပ်ဆောင်မှုတွေကြောင့် ရေခဲပြင်နဲ့နှင်းများအရည်ပျော်ကျမှုက ပိုမိုများပြားလာနေတာပါ။

တောင်တက်ရာသီရောက်ရင် တောင်တက်သမား၊ လမ်းပြ၊ အထောက်အကူပြုအဖွဲ့ဝင် အစရှိတဲ့လူထောင်ပေါင်းများစွာက တောင်ခြေစခန်းမှာလာဆုံကြပါတယ်။ အဲဒီစခန်းမှာ ကော်ဖီ၊ မြန်နှုန်းမြင့်အင်တာနက်၊ မျက်နှာပြင်ကြီးမားတဲ့တီဗွီများ၊ ရေပူများ၊ အပူပေးကြမ်းခင်းပါတဲများကိုရရှိနိုင်ပါတယ်။

၂၀၂၃ ခုနှစ်တောင်တက်ရာသီတုန်းက ရက် ၅၀ အတွင်းမှာပင် အခြေစိုက်စခန်းမှာတဲပေါင်း ၁၆၀၀ ကျော်၊ ရေနံဓာတ်ငွေ့အရည် ၈၂၄ ဘူး၊ ရေနံဆီ ၁၈၉၃၅ လီတာ၊ ဓာတ်ဆီ ၅၁၃၀ လီတာအသုံးပြုခဲ့တာကိုတွေ့ရပါတယ်။ ဒါတွေကိုအသုံးပြုရာမှထွက်ရှိတဲ့အပူနဲ့ လူ့ခန္ဓာကိုယ်မှထွက်ရှိတဲ့အပူစုစုပေါင်းဟာ ၈၄၉၁၇၄ မဂ္ဂါဂျူးအထိရှိတယ်လို့ သုတေသီများကခန့်မှန်းထားပါတယ်။ ဒီလောက်ကြီးမားတဲ့အပူဟာ ရေခဲပြင်နဲ့နှင်း ၂၄၉၂ တန်ကိုအရည်ပျော်စေဖို့အတွက်လုံလောက်ပါတယ်။ ဒါ့အပြင် အဓိကကျတဲ့အပူအရင်းအမြစ်ကတော့ လူများအပေါ့စွန့်ခြင်းကြောင့်ဖြစ်ပြီး တစ်ရက်ကို စွန့်ထုတ်တဲ့ဆီးပမာဏက လီတာ ၆၀၀၀ ကျော်ရှိတယ်လို့သုတေသီများက ပြောပါတယ်။

**Ref: THB**

➢ **ကျောဖုံးမှအဆက်**

ခဲယမ်းများနှင့်အတူ ယနေ့တွင်ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့မှ အမျိုးသား ၁၀ ဦး၊ (၇)မိုင်စခန်းမှ အမျိုးသား ၁ ဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား ၁ ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၃ ဦး၊ ရွှေတောင်မြို့မှ အမျိုးသား ၁ ဦး၊ ကျောက်ကြီးမြို့မှ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား ၁ ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ လူငယ်များအား အသိပညာပေးစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-3 သေနတ် ၁ လက်၊ M 4 သေနတ် ၁ လက်၊ ကာဘိုင်သေနတ် ၁ လက်၊ BA ၆၃ သေနတ် ၁ လက်၊ လက်လုပ်ပစ္စတိုသေနတ် ၁ လက်၊ လက်လုပ်သေနတ် ၃ လက်၊ လက်ပစ်ဗုံး ၁၀ လုံး၊ မှန်ပြောင်း ၁ လက်၊ ကျည်အိမ် ၆ ခု၊ ကျည်မျိုးစုံ ၂၆၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၄ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် ၄ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ်သိန်း ၃၀၊ မှန်ပြောင်း ၁ လက်အတွက် ဆုကြေးငွေကျပ် ၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၂၄ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၃ သိန်းစီဖြင့် ၇၂ သိန်းကျပ်၊ စုစုပေါင်း ဆုကြေးငွေကျပ် ၃၂၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



တရားခံ ပန်းအောင်(ခ)အောင်ပေနှင့် မနော်ဌေးဌေးစိုးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တောင်ငူမြို့တွင် ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

တောင်ငူမြို့တွင် ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၃၀ ရက် နံနက် ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ငူမြို့၊ အမှတ်(၂၂)ရပ်ကွက်အနီးတွင် ဖယ်ခုံမြို့နယ်၊ ဆီဖူးကျေးရွာနေ ပန်းအောင်(ခ)အောင်ပေ (၃၉) နှစ်နှင့် သံတောင်ကြီးမြို့နယ်၊ လိပ်သိုကျေးရွာနေ မနော်ဌေးဌေးစိုး(၂၀)နှစ်တို့ ၂ ဦးကို ဘိန်းဖြူ ၆ ဒသမ ၃၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၃၅၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂၁၉ သိန်း)၊ စိတ်ကြွဆေးပြား ၈၁၀၀၀၀ ပြား (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၂၁၅ ဘီလီယံ)၊ TOYOTA ALPHARD ယာဉ် ၁ စီး၊ IPSUM ယာဉ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ပန်းအောင်(ခ)အောင်ပေနှင့်မနော်ဌေးဌေးစိုးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ်လ ၃၁ ရက် ည ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည်သတင်းအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်နေ နေဝင်းထွန်း(ခ)ဒန်နီ(၅၂)နှစ်၏ နေအိမ်တိုက်ခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၇၆၀၀၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၂၀) ဖမ်းဆီးရမိသဖြင့် နေဝင်းထွန်း(ခ)ဒန်နီအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **မြဝတီ**

## ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ညနေပိုင်းတွင် ဒေါ်သန်းသန်းနုသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်းနှင့် ဓမ္မပါလလမ်းထောင့်ရှိ တိုက်အမှတ်(၄၅) ပထမထပ်နေ သူငယ်ချင်းဖြစ်သူ ဒေါ်ခင်မိုးကြည်(၅၄)နှစ်၏အခန်းသို့ သွားရောက်၍ တံခါးအရှေ့မှဒေါ်ခင်မိုးကြည်အား ခေါ်ခဲ့ရာ ခေါ်မရသဖြင့် အိမ်နီးချင်းများနှင့်အတူ အခန်း၏သံပန်းတံခါးအားဖျက်၍ ဝင်ရောက်ကြည့်ရှုစဉ် အခန်းပေါက်ဝဘုရားခန်းရှေ့၌ ဒေါ်ခင်မိုးကြည်မှာ သွေးအိုင်ထဲ၌ မှောက်ခုံအနေအထားဖြင့် စောင်ခြုံလျက် ထိုးသွင်းဒဏ်ရာ ၃ ချက်ဖြင့်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းပေးပို့တိုင်တန်းချက်အရ ဗဟန်းမြို့မရဲစခန်း (ပ)၂၆၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁ ရက်နေ့ ညပိုင်းတွင် လူသတ်မှုကျူးလွန်သူ တရားခံ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်နေ ဉာဏ်စိုး(၂၀)နှစ်အား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ (၆)ရပ်ကွက်ရှိ The Waiting Lodge Hotel အခန်းအမှတ် B-06 ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ဉာဏ်စိုးအား စစ်ဆေးချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်ခင်မိုးကြည်၏သားဖြစ်သူနှင့် သူငယ်ချင်းဖြစ်ပြီး အခင်းဖြစ်နေအိမ်သို့ ဝင်/ထွက်သွားလာဖူးသူဖြစ်ကြောင်း၊ ၎င်းသည် အွန်လိုင်းစလော့ဂိမ်းရှုံး၍ ငွေလိုအပ်နေသဖြင့် လုယက်ရန်အတွက် ဩဂုတ်လ ၂၈ ရက်နေ့ ညနေပိုင်းတွင် အခင်းဖြစ်နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ နေအိမ်သို့ရောက်ရှိပြီး ဒေါ်ခင်မိုးကြည်မှ တံခါးဖွင့်ပေးစဉ် ၎င်းမှအသင့်ယူဆောင်လာသည့် ဓားဖြင့်ထိုးသတ်၍ အခန်းအတွင်းရှိ စားပွဲပေါ်မှ သော့ဖြင့် ဗီရိုအားဖွင့်ကာ အတွင်းမှရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများလုယက်ယူဆောင်ခဲ့သူ တရားခံ ဉာဏ်စိုးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်တို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**



## EV များရဲ့ခရီးဝေးသွားနိုင်စွမ်းကို ပြန်လည်မှတ်ကျောက်တင်မယ့် Skynomad

Xiaomi ရဲ့ နောက်ဆုံးထွက် SUV ဖြစ်တဲ့ Skynomad N90 Max ဟာ EV ကားများရဲ့ ခရီးဝေးသွားနိုင်တဲ့အစွမ်းကို ပြန်လည်မှတ်ကျောက်တင်လိုက်နိုင်ပါပြီ။ သူ့ရဲ့ စွမ်းဆောင်ရည်ကို လက်တွေ့ပြသဖို့အတွက် Xiaomi ကုမ္ပဏီရဲ့ မားကတ်တင်းတာဝန်ရှိသူကိုယ်တိုင်ဦးဆောင်ပြီး လူ ၄ ဦးနဲ့ ၅၀ ကီလိုဂရမ်ရှိတဲ့အိတ်ကိုတင်ကာ ရှန်ဟိုင်းမြို့မှ ပေကျင်းမြို့အထိ ကီလိုမီတာ ၁၂၃၀ ရှိတဲ့ခရီးစဉ်ကို ဆီတိုင်ကီအပြည့်၊ ဘက်ထရီအားအပြည့်နဲ့တစ်ကြိမ်သွင်းပြီး စမ်းသပ်မောင်းနှင်ပြခဲ့တာဖြစ်ပါတယ်။

ကားရဲ့ လေအေးပေးစက်ကို ပုံမှန်ဖွင့်၊ ပုံမှန်အရှိန်နဲ့သာ မောင်းနှင်ခဲ့တာဖြစ်ပြီး ဘက်ထရီစွမ်းအင်သီးသန့်နဲ့တင် မိုင် ၂၀၀ ကျော်အထိမောင်းနှင်နိုင်ခဲ့သလို ခရီးစဉ်တစ်လျှောက်လုံးမှာ အားသွင်းတာ၊ ဆီထပ်ဖြည့်တာတွေ လုံးဝမလုပ်ခဲ့ပါဘူး။ ခရီးစဉ်အဆုံးရောက်ရှိချိန်မှာတောင် ဘက်ထရီနဲ့ ဆီကျန်က နောက်ထပ်ခရီး ၃၄ မိုင်စာ သွားနိုင်သေးတာကို တွေ့ရပါတယ်။

Skynomad N90 Max မှာ ၇၆ ကီလိုဝပ်နာရီပမာဏရှိတဲ့ ဘက်ထရီနဲ့ ၁ ဒသမ ၅ လီတာရှိ တာဘိုအင်ဂျင်ကို လျှပ်စစ်ဓာတ်အားပေးစက်အဖြစ် တွဲဖက်သုံးစွဲထားတာဖြစ်ပါတယ်။ ဘက်ထရီကိုလည်း ၂၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းကို ၁၈ မိနစ်အတွင်း အမြန်အားသွင်းနိုင်တာကြောင့် ခရီးဝေး သွားလိုတဲ့ လျှပ်စစ်ကားချစ်သူများအတွက်အကောင်းဆုံးရွေးချယ်မှုတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ Ref: EA

ကိုထက်

## သကြားပါတဲ့အချိုရည်တွေကြောင့် အစာအိမ်ကင်ဆာဖြစ်မှု ၂ ဆခွဲကျော်မြင့်မား

သကြားပါဝင်မှုများတဲ့ အချိုရည်တွေကို နေ့တိုင်းသောက်သုံးတာဟာ အစာအိမ်ကင်ဆာဖြစ်ပွားနိုင်မှုကို ၁၄၅ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ၂ ဒသမ ၄၅ ဆ အထိ ပိုမိုမြင့်မားသွားစေနိုင်တယ်လို့ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သုတေသနအသစ်တစ်ခုမှာ ဖော်ပြထားပါတယ်။ အမေရိကန်နိုင်ငံ Mass General Brigham Cancer Institute မှ သုတေသီတွေဟာ လူ ၁၁၂,၀၀၀ ကျော်ရဲ့ နှစ်ပေါင်းများစွာ စားသောက်နေထိုင်မှုတွေကို လေ့လာခဲ့ကြတာပါ။

တွေ့ရှိချက်အရ တစ်လမှာတစ်ကြိမ်လောက်သာ အချိုရည်သောက်သူတွေနဲ့ နှိုင်းယှဉ်ရင် အချိုရည် ဒါမှမဟုတ် အသီးဖျော်ရည်တွေကို တစ်ရက်ကို အနည်းဆုံး တစ်ကြိမ်သောက်သုံးသူတွေမှာ အစာအိမ်ကင်ဆာဖြစ်နိုင်ခြေ သိသိသာသာမြင့်တက်နေတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ အထူးသဖြင့်အမျိုးသမီးတွေမှာ တစ်ရက်ကိုအချိုရည် တစ်ကြိမ်ထက်ပိုသောက်ရင် ကင်ဆာဖြစ်နိုင်ခြေ ၃ ဆကျော်အထိ ပိုများသွားတာကိုပါ တွေ့ရှိခဲ့ရပါတယ်။ အချိုရည်တွေမှာ သုံးလေ့ရှိတဲ့ Fructose သကြားဓာတ်ဟာ ဒီလို ကင်ဆာဖြစ်ပွားမှုနဲ့ အဓိကဆက်စပ်နေတယ်လို့ဆိုပါတယ်။ ကမ္ဘာပေါ်မှာ အစာအိမ်ကင်ဆာကြောင့်သေဆုံးမှုက အဆင့် ၅ နေရာမှာရှိနေတာကြောင့် အချိုရည်ကို လျှော့သောက်ဖို့ သုတေသီတွေက သတိပေးလိုက်ပါတယ်။ Ref: STD

ကိုထက်



## M2 Bradley နေရာကိုအစားထိုးမယ့် Lynx XM30

အမေရိကန်တပ်မတော်က သူတို့အသုံးပြုနေတဲ့ သက်တမ်းရင့် M2 Bradley တိုက်ယာဉ်တွေနေရာမှာ အစားထိုးဖို့အတွက် ဟိုက်ဘရစ်-လျှပ်စစ် (Hybrid-Electric) နည်းပညာသုံး Lynx XM30 တိုက်ယာဉ် မော်ဒယ်အသစ်ရှေ့ပြေးပုံစံတွေကို စတင်လက်ခံရရှိပြီး စမ်းသပ်မှုတွေပြုလုပ်နေပြီ ဖြစ်ပါတယ်။

Rheinmetall ကုမ္ပဏီက တာဝန်ယူထုတ်လုပ်ထားတဲ့ ဒီ Lynx XM30 တိုက်ယာဉ်ဟာ ဒေါ်လာ ၇၆၄ သန်းတန်ကြေးရှိတဲ့ စာချုပ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ကုမ္ပဏီက ရှေ့ပြေးပုံစံ စုစုပေါင်း ၈ စီး ထုတ်လုပ်ပေးရမှာဖြစ်ပြီး အခု ပထမဆုံး ၁ စီးကိုသက်ဆိုင်ရာတပ်ဖွဲ့သို့ ပေးပို့စမ်းသပ်နေတာဖြစ်ပါတယ်။ အဲဒီယာဉ်ရဲ့ ထူးခြားချက်ကတော့ တိုက်ပွဲဝင် စွမ်းဆောင်ရည်မြင့်မားရေး အတွက် ဟိုက်ဘရစ်-လျှပ်စစ်မော်တာစနစ်ကိုတပ်ဆင်ထားတာကြောင့် အသံတိတ်မောင်းနှင်နိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ပိုမိုအားကောင်းခြင်းနဲ့ ဆီစားသက်သာခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဒရုန်းတွေ၊ တိကျဒရုန်းပစ်လက်နက်တွေနဲ့ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်တွေကို ရင်ဆိုင်နိုင်ဖို့အတွက် Open Architecture ဒီဇိုင်းနဲ့ တည်ဆောက်ထားတာကြောင့် လိုအပ်တဲ့အပိုင်းကို လိုအပ်သလိုပြောင်းလဲတပ်ဆင်နိုင်မှာဖြစ်တဲ့အတွက် စစ်ဆင်နိုင်စွမ်းကို ပိုမိုတိုးတက်မြင့်မားလာစေမှာ ဖြစ်ပါတယ်။ Ref: IE

ကိုထက်



## ၇၀ ကီလိုဝပ်ထွက်ရှိမယ့် iPad တစ်လုံးစာသာရှိတဲ့ စွမ်းအင်ထုတ်စက်



လျှပ်စစ်ကုန်တင်ကားများထုတ်လုပ်သူ Windrose ကုမ္ပဏီဟာ ကားတင်နောက်တွဲယာဉ်တွေလိုပြင်ပကိရိယာတွေကို စွမ်းအင်ပေးနိုင်မယ့် ၇၀ ကီလိုဝပ်ထွက်ရှိတဲ့ လျှပ်စစ်စွမ်းအင်ထုတ်စက်အသစ်ကို စက်မှုလုပ်ငန်းသုံး ကုန်တင်ကားတွေအတွက် မိတ်ဆက်ပေးလိုက်ပါတယ်။ iPad တစ်လုံးစာအရွယ်အစားပဲရှိတဲ့ ဒီစနစ်ကို Windrose ရဲ့ ကိုယ်ပိုင် 800V High-voltage Platform ပေါ်မှာ အခြေခံထားပြီး e-Axle မော်တာစနစ်အတွင်းမှာ တိုက်ရိုက်သီးသန့်ပေါင်းစပ်ထည့်သွင်းပေးထားတာပါ။ ဒီစနစ်က ဒီဇယ်သုံးစရာမလိုဘဲ ၇၀ ကီလိုဝပ်အထိ စွမ်းအင်ထုတ်ပေးနိုင်တာကြောင့် ကားတင်ယာဉ်တွေရဲ့ တံတားနဲ့စင်တွေကို အတင်၊ အချပြုလုပ်တဲ့အခါမှာ လျှပ်စစ်ဓာတ်အားနဲ့တင် အဆင်ပြေပြေ မောင်းနှင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ပုံမှန် ဒီဇယ်ကုန်ကားတွေမှာ လျှပ်စစ်ဓာတ်အားရဖို့အတွက် အင်ဂျင်ကို အမြဲနှိုးထားရသလို သာမန်လျှပ်စစ်ကားတွေမှာလည်း အပိုမော်တာတွေ ထပ်မံတပ်ဆင်ရလေ့ ရှိပါတယ်။ ဒါပေမဲ့ Windrose ရဲ့နည်းပညာကတော့ ယာဉ်ရဲ့နေရာယူမှုကို လျှော့ချပေးနိုင်ပြီး စွမ်းအင်ထိရောက်မှုကို ပိုမိုမြှင့်တင်ပေးလိုက်တာပါ။ ဒီလို သီးသန့်တီထွင်ဖန်တီးမှုကြောင့် Windrose ရဲ့ လျှပ်စစ်ကုန်တင်ကားတွေဟာ ကာဗွန်ထုတ်လွှတ်မှုကင်းစင်ပြီး လုပ်ငန်းခွင်မှာ ဘက်စုံအသုံးပြုလို့ရနိုင်တဲ့ အမျိုးအစားတွေဖြစ်လာတော့မှာဖြစ်တယ်လို့ ဆိုပါတယ်။ Ref: IE

ကိုထက်

## ကမ္ဘာ့ဈေးကွက်ထဲဝင်လာတဲ့ MatePad Pro 12 (2026)



Huawei ကုမ္ပဏီက တရုတ်ပြည်တွင်းမှာ သာရောင်းချခဲ့တဲ့ သူတို့ရဲ့ flagship တက်ဘလက်အသစ် MatePad Pro 12 (2026) ကို အခုအခါ ကမ္ဘာ့ဈေးကွက်ထဲစတင်ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ ဒီတက်ဘလက်ဟာ အထူ ၄ ဒသမ ၇ မီလီမီတာသာရှိပြီး အလေးချိန် ၄၃၉ ဂရမ်ပဲ လေးတာကြောင့် အလွန်တရာ ပါးလွှာပေါ့ပါးတဲ့ဒီဇိုင်းနဲ့ ထွက်ရှိလာတာပါ။ မျက်နှာပြင်ကတော့ ၁၂ ဒသမ ၂ လက်မ OLED အမျိုးအစားဖြစ်ပြီး 144Hz Refresh Rate နဲ့ Brightness 1,600 nits Peak အထိ ရရှိတာကြောင့် ရုပ်ထွက်ကြည်လင်ပြတ်သားလှပါတယ်။ မျက်နှာပြင် ရောင်ပြန်ဟပ်တာမျိုးမရှိဘဲ စာဖတ်ရတာလွယ်ကူစေမယ့် Paper Matte Display ဗားရှင်းကိုလည်း ရွေးချယ်နိုင်အောင် ဖန်တီးပေးထားပါတယ်။

စွမ်းဆောင်ရည်ပိုင်းမှာ Kirin T93 Chip-set နဲ့ မောင်းနှင်ထားပြီး RAM 12GB/16GB၊ Storage 256GB/512GB အထိပါတဲ့အပြင် အသုံးပြုရလွယ်ကူတဲ့ HarmonyOS 6.1 ကို ထည့်သွင်းထားတာပါ။ ဘက်ထရီပိုင်းမှာလည်း 10400 mAh ဘက်ထရီကြီး ပါဝင်ပြီး 66W Fast Charging နဲ့ အခြားစက်ပစ္စည်းတွေကို ပြန်လည်အားသွင်းပေးနိုင်တဲ့ 40W Reverse Wired Charging စနစ်တွေလည်း ထောက်ပံ့ပေးထားပါတယ်။ ဈေးကွက်မှာတော့ ဒီတက်ဘလက်ကို ဒေါ်လာ ၈၅၀ နဲ့ ရောင်းချသွားမှာဖြစ်ပါတယ်။ Ref: GA

ကိုထက်

# တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ပြောကြား



**ပေကျင်း စက်တင်ဘာ ၂**

ကမ္ဘာ့အဆင့်(၁)ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဆားဘီးယားထိပ်တန်းတင်းနစ်ကစားသမား ဂျိုကိုဗစ်က ယခုလအတွင်း တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်ပါဝင်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် နောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများနှင့် ဝေးကွာခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ကျဆင်းလာခဲ့ပြီး လက်ရှိအမေရိကန်နိုင်ငံ၌ ကျင်းပနေသည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့သော်လည်း ပထမအဆင့်တွင်ပင် ရှုံးပွဲတွေ့ကြုံကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဂျိုကိုဗစ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲများနှင့် ၁၁ နှစ်ကျော်ကြာဝေးကွာခဲ့ရပြီးနောက် ယခုအခါ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ပြန်လည်ဝင်ရောက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဂျိုကိုဗစ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် အောင်မြင်မှုများစွာဆွတ်ခူးနိုင်ခဲ့ပြီး ချန်ပီယံဆုခြောက်ကြိမ် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဂျိုကိုဗစ်သည် ယခင်က တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၉ ပွဲကစားခဲ့ပြီး ၂၉ ပွဲစလုံးအနိုင်ရရှိခဲ့ကာ ရာနှုန်းပြည့် နိုင်ပွဲရယူနိုင်ခဲ့သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ကစားရန် ဆုံးဖြတ်ခဲ့သည်။ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို စက်တင်ဘာလ ၃၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

***Ref;AGTP Tennis***

# Rolex Player of The Year ဆုအတွက် ကော်ဒါထိပ်ဆုံး၌ဦးဆောင်

**လန်ဒန် စက်တင်ဘာ ၂**


ယခုနှစ် LPGA ဂေါက်သီးရိုက်ရာသီပြီးဆုံးရန် နီးကပ်လာသည့်အချိန်တွင် Rolex Player of the Year ကစားသမားဆုအတွက် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကော်ဒါက ရမှတ် ၂၃၉ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေသည်။

ယခုနှစ် LPGA ဂေါက်သီးရိုက်ရာသီပြီးဆုံးချိန်တွင် ပြိုင်ပွဲဝင်ကစားသမားများအတွက် အဓိကဆုဖြစ်သည့် Rolex Player of the Year ဆုနှင့် Rolex ANNIKA Major Award ဆုကို ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး လက်ရှိတွင် ကော်ဒါသည် အဆိုပါနှစ်ဆုစလုံးအတွက် ထိပ်ဆုံး၌ ရပ်တည်နေခြင်းဖြစ်သည်။

Rolex Player of the Year ဆုအတွက် ကော်ဒါက ရမှတ် ၂၃၉မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး ၎င်း၏နောက်တွင် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား ဟေရန်ရိုင်ယူက ၁၆၄ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသကဲ့သို့ Rolex ANNIKA Major Award ဆုအတွက်လည်း ကော်ဒါက ရမှတ် ၁၄၀ ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေသော်လည်း ဟေရန်ရိုင်ယူက ဒုတိယနေရာမှ ဖိအားပေးနေကြောင်း သိရသည်။

***Ref;LPGA***

# မန်စီးတီးအသင်းက ဖြိုတိန်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အန်ဇိုဖာနန်ဒက်စ်အားခေါ်ယူ



**မန်ချက်စတာ စက်တင်ဘာ ၂**

မန်စီးတီးအသင်းက ကစားသမားအပြောင်းအရွှေ့ကာလနောက်ဆုံးရက်တွင် ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် စတာလင်ပေါင် ၁၂၅ သန်းဖြင့် ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်အား ခေါ်ယူနိုင်ခဲ့သည်။

အစောပိုင်းက ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေး အမြင့်ဆုံးကစားသမားအဖြစ် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက နယူးကာဆယ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် အီဆက်က ရပ်တည်နေသော်လည်း ယခုအခါ အန်ဇိုဖာနန်ဒက်စ်အနေဖြင့် စတာလင်ပေါင် ၁၂၅ သန်းဖြင့် ချယ်လ်ဆီးအသင်းမှ မန်စီးတီးအသင်းထံ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည့်အတွက် အီဆက်၏ ဗြိတိန်ပြောင်းရွှေ့ကြေးစံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်စ်အနေဖြင့် ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသူဖြစ်ပြီး အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်အစီအစဉ်မရှိကြောင်း အတည်ပြုကြေညာပြီးနောက် ကွင်းလယ်ပိုင်းလိုအပ်ချက်များရှိနေသည့် မန်စီးတီးအသင်းက ခေါ်ယူရန်ကြိုးပမ်းလာရာ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၂၅ သန်းဖြင့် ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး အန်ဇိုဖာနန်ဒက်စ်မတိုင်မီကလည်း လိုင်လီအသင်းမှ ဘူအာဒီနှင့် နော်တင်ဟမ်အသင်းမှ အန်ဒါဆန်တို့ကို ခေါ်ယူထားပြီး အဆိုပါကစားသမားသုံးဦးအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၃၀၀ ကျော်အထိ အသုံးပြုခဲ့ကြောင်း သိရသည်။

***Ref;Fabrizio Romano***

# ကိုမိုအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲအိမ်ကွင်းပွဲစဉ်များကို ကျင်းပခွင့်ရရှိ

**ရောမ စက်တင်ဘာ ၂**

အီတလီစီးရီးအေကလပ် ကိုမိုအသင်းအနေဖြင့် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်များကို လက်ခံကျင်းပရန် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ထံမှ ခွင့်ပြုချက်ရရှိခဲ့သည်။

နည်းပြ ဖာဗရီဂတ်၏ ကိုမိုအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ထိပ်တန်းအသင်းကြီးများကို ကျော်ဖြတ်ပြီး ရာသီအကုန်တွင် အမှတ်ပေးဇယား အဆင့်(၄)နေရာ၌ ရပ်တည်နိုင်ခဲ့သည့်အတွက် ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ကစားခွင့်ရရှိထားခြင်းဖြစ်သည်။

သို့သော် ကိုမိုအသင်း လက်ရှိအိမ်ကွင်းအဖြစ်အသုံးပြုနေသည့် Studio Giuseppe အားကစားကွင်းသည် ပရိသတ် ၁၃၆၀၂ ဦးသာ ဝင်ဆံ့နိုင်သည့်ကွင်းဖြစ်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်၏ စံနှုန်းနှင့် ကိုက်ညီမှုမရှိသောကြောင့် ကန့်သတ်ခံထားရခြင်းဖြစ်သည်။

လက်ရှိတွင် ကိုမိုအသင်းသည် အိမ်ကွင်းအဆင့်မြှင့်တင်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဥရောပဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကာ အိမ်ကွင်းပွဲစဉ်များ လက်ခံကျင်းပရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ကိုမိုအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်များအဖြစ် လိုက်ပဇစ်အသင်း၊ အေအီးကေအသင်း၊ မန်ယူအသင်း၊ ပီအက်စ်ဂျီအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး အဝေးကွင်းပွဲစဉ်များအဖြစ် ဗီယင်နအသင်း၊ လန်းအသင်း၊ ဘတ်တစ်အသင်း၊ ဘာစီလိုနာအသင်းတို့နှင့်ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref;The Athletic***




# နာပိုလီအသင်းကစားသမား တွမ်မီနေး နှလုံးခွဲစိတ်ကုသမှု ခံယူရမည်

**ရောမ စက်တင်ဘာ ၂**

နာပိုလီအသင်း၏ အဓိက ကွင်းလယ်ကစားသမားတွမ်မီနေးသည် နှလုံးခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် အသင်းနှင့် ပွဲစဉ်တချို့ကို လွဲချော်ရမည်ဖြစ်သည်။

တွမ်မီနေးသည် အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ်ကစားခဲ့သည့် ကိုမိုအသင်းနှင့် နာပိုလီအသင်းတို့ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာသော်လည်း ပွဲချိန် ၅၆ မိနစ်တွင် နှလုံးခုန်မှုမမှန်သည့် ပြဿနာတစ်ရပ်ကြောင့် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

တွမ်မီနေးအနေဖြင့် နှလုံးမှုမမှန်မှုနှင့် ပတ်သက်ပြီး ဆေးစစ်မှုများလုပ်ဆောင်ပြီးနောက် အသက်အန္တရာယ်မရှိသော်လည်း ပုံမှန်အတိုင်းပြန်လည်ဖြစ်လာရန် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် မကြာမီခွဲစိတ်ကုသမှုများလုပ်ဆောင်သွားမည်ဖြစ်သည်။

အီတလီစီးရီးအေအဖွဲ့ချုပ်၏ ပြိုင်ပွဲစည်းမျဉ်းများတွင် အီတလီစီးရီးအေပြိုင်ပွဲ၌ နှလုံးမှုမမှန်သည့်ကစားသမားများကို ကစားခွင့်ပိတ်ပင်ထားပြီး အင်တာမီလန်အသင်းကစားသမားဟောင်း အဲရစ်ဆင်အနေဖြင့်လည်း နှလုံးမှုမမှန်သည့်ပြဿနာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ကာ နှလုံးအကူစက်တပ်ဆင်ခဲ့ရသည့်အတွက် အသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ရသည်။

လက်ရှိတွင်လည်း တွမ်မီနေးအနေဖြင့် နှလုံးမှုမမှန်သည့်ပြဿနာကြောင့် နှလုံးခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး အဲရစ်ဆင်ကဲ့သို့ ခွဲစိတ်မှုအပြီး နှလုံးအကူစက်တပ်ဆင်ရပါက ပြိုင်ပွဲကစားခွင့် ပိတ်ပင်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

***Ref;Givemesport***

▼ **ပိုက်ကျော်ခြင်းမှ**

ဗိုလ်လုပွဲပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းလူ၊ ဦးကျော်ထင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးသိုက်စိုး၊ ဦးအေးကျော်၊ ဦးညီညီ (မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ)၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုး၊ အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသမီး)လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့်မွန်ပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အတိုးတက်ဆုံး အမျိုးသမီးအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ကျောနံပါတ် (၁) ဖြိုးစန္ဒာအောင်ကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌ ဦးကျော်စွာစိုးကလည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသားအားကစားသမားဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းမှ ကျောနံပါတ် (၇) ဇင်မျိုးထက်ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှကျောနံပါတ်(၂)နန်းခိုင်သဇင်ဦးကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကလည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်ကလည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့်ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်ကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင်ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ် နှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းကလည်းကောင်း၊ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မြဝတီ**


➧ **ကျောဖုံးမှအဆက်**

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။ **(မိုး/ဇလ)**




➥ **MFF ယူ-၁၉ မှ**

ROYAL NOKA အသင်းတို့ပွဲတွင် ROYAL NOKA အသင်းက ၆ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၁၁)နေရာမှ MINGALARDON CITY အသင်းနှင့် အဆင့်(၂)နေရာမှ MIU အသင်းတို့ပွဲတွင် MIU အသင်းက ၁၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၄)နေရာမှ YCDC DREAM TEAM အသင်းနှင့် အဆင့်(၁)နေရာမှ PACIFIC SUN FAR အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၆ ဂိုး ၂ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ နေ့လယ်ပိုင်းပြိုင်ပွဲ အဆင့်(၅)နေရာမှ ULAD အသင်းနှင့် အဆင့်(၇)နေရာမှ JV အသင်း တို့ပွဲတွင် ULAD အသင်းက ၇ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၃)နေရာမှ YRG အသင်းနှင့် အဆင့် (၆)နေရာမှ GOLD DREAM အသင်းတို့ပွဲတွင် YRG အသင်းက ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး အဆင့်(၁၂)နေရာမှ BURMESE WARRIORS အသင်းနှင့် အဆင့်(၁၀)နေရာမှ SHWE PYI THAR အသင်းတို့ပွဲတွင် တစ်ဖက်နှင့်တစ်ဖက်သုံးဂိုးစီဖြင့်သရေကျခဲ့ကြောင်းသိရသည်။

**ဝန်းရံ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၃˚c | / | ၃၁˚c |
| မန္တလေး | ၂၆˚c | / | ၃၂˚c |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ပျောက်ဆုံးကြောင်း**
ဝင်းဝင်းဝါ(ဘ)ဦးစိန်ဝင်း ၁၂/လမန(နိုင်) ၁၅၆၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၅၃၁၆၂၆

**ပျောက်ဆုံးကြောင်း**
နှင်းဝေနု(ဘ)ဦးသက်စိန်ဦး ၁၃/နမတ(နိုင်) ၀၅၈၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သိန်းထိုက်စိုး(ဘ)ဦးရဲမြင့် ၈/ခမန(နိုင်) ၀၆၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မျိုးကို(ဘ)ဦးညွန့်လွင် ၁၂/ခရန(နိုင်) ၁၄၁၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဆန်းလင်း(ဘ)ဦးအောင်မျိုး ၇/ဖမန(နိုင်) ၁၃၇၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နှင်းဝေဝေလှိုင်(ဘ)ဦးကျောက်လုံး ၅/ယမပ(နိုင်)၁၄၈၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 807838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဇော်ဝင်းခိုင်(ဘ)ဦးတင်ဝင်း ၁၄/ကလန(နိုင်) ၁၁၄၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးအေးမြင့်(ဘ)ဦးရီမြင့် ၁၂/ဒဂရ(နိုင်) ၀၁၃၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၅၁၇၁၀

**ပျောက်ဆုံးကြောင်း**
အိအိစိုး(ဘ)ဦးအောင်စိုး ၁၂/တမန(နိုင်) ၀၈၂၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝေယံစိုးသိန်း(ဘ)ဦးစိုးသိန်း ၁၂/ဒဂမ(နိုင်) ၀၁၉၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

### ပျောက်ဆုံးကြောင်း
ဝါဝါအောင်(ဘ)ဦးမြအောင် ၁၂/မရက(နိုင်)၁၅၁၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နီနီခင်(ဘ)ဦးမျိုးညွန့် ၁၀/မလမ(နိုင်)၀၃၃၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၃၁၅၂၆

### ပျောက်ဆုံးကြောင်း
စိုးသန်း(ဘ)ဦးတင့်မောင် ၁၂/အစန(နိုင်)၁၅၃၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၄၅၁၈၄၅

### FUTURE WORK COMPANY LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၁။ "FUTURE WORK COMPANY LIMITED"အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၄-၈-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ ပေးရန်နှင့်ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

### ပျောက်ဆုံးကြောင်း
ဝေလင်းထွဋ်(ဘ)ဦးရဲမင်းထွဋ် ၁၂/လသယ(နိုင်)၀၈၉၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၃၁၄၃၁၈

### ပျောက်ဆုံးကြောင်း
နော်အယ်ဝါး(ဘ)ဦးစာမင်း ၇/အတန(နိုင်)၁၂၈၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 822546)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၄၈၆၆၂၈

### ပျောက်ဆုံးကြောင်း
ဆလိုင်းမိုးကျော်ကျော်(ဘ)ဦးတင်မွေး ၈/အလန(နိုင်)၁၇၉၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၄၉၁၆၇၈

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### တံတားအထူးအဖွဲ့(၁၆)
### ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
### တင်ဒါအမှတ် ၂/ ၂၀၂၆-၂၀၂၇

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီးအပ်နှံရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ငှားရမ်း/သယ်ယူပို့ဆောင်မည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီနှင့်လုပ်ငန်းရှင်များ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | (၃-၉-၂၀၂၆)ရုံးချိန်အတွင်း |
| ၃။ | တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | (၁၆-၉-၂၀၂၆)(၁၆:၀၀)နာရီ |
| ၄။ | တင်ဒါရွေးချယ်မည့်ရက်/အချိန် | - | (၁၈-၉-၂၀၂၆)နံနက်(၁၀:၀၀)နာရီ |
| ၅။ | တင်ဒါလျှောက်လွှာရောင်းမည့်နေရာ | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး) |
| ၆။ | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး) |

၇။ တင်ဒါလျှောက်လွှာပုံစံ၊ လုပ်ငန်းသုံးပစ္စည်း၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၄၂၀၇၇၆၁၅၆၊ ၀၉-၂၆၅၀၂၉၉၅၃၊ ၀၉-၄၂၄၅၆၉၇၇၊ ၀၉-၄၀၇၅၁၅၃၃၄၊ ၀၉-၅၃၇၀၅၉၄၊ ၀၉-၄၂၅၀၁၃၃၈၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၆)**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်နေ စည်သူလင်း(ဘ)ဦးအောင်ရင် ၁၄/သပန(နိုင်)၀၉၇၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 358926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၀၁၁၉၅၉

### ပျောက်ဆုံးကြောင်း
မျိုးအောင်(ဘ)ဦးသိန်းညွန့် ၉/မခန(နိုင်)၁၄၉၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 779608)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်စိန်ဦး ၁၃/နမတ(ပြု)၀၀၀၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၀၅၅၁၁၆

### ပျောက်ဆုံးကြောင်း
မကျောင်ဇွန်နဲမ်း(ဘ)ဦးအဲင်းဇဟွတ် ၄/တတန(နိုင်)၀၇၁၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နန်းမောဝ်ဖေါင်(ဘ)ဦးစိုင်းစောစိန် ၁၃/မဆတ(နိုင်)၀၄၃၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၇၄၇၄၉၈

### ပျောက်ဆုံးကြောင်း
လမင်းအိမ်(ဘ)ဦးကျော်မင်းလွင် ၁၂/လမန(နိုင်)၁၆၃၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 631380)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးမြို့၊ ယာဉ်ထိန်းရုံးဝင်းနေ အဘ ဦးထွန်းနိုင်ဦး၏သမီး မစုနန္ဒာလင်း(ခ) မစုနန္ဒာထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစုနန္ဒာလင်း(ခ)မစုနန္ဒာထွန်း**

### ပျောက်ဆုံးကြောင်း
အောင်သူဖြိုး(ဘ)ဦးသိန်းစိုး ၁၂/ကတန(နိုင်)၁၃၇၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြတ်မြတ်ဦး(ဘ)ဦးလှသောင်း ၁၂/အစန(နိုင်)၂၃၆၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 753042)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၃၅၇၈၂၀

### ပျောက်ဆုံးကြောင်း
ဦးဂျင်မီစိန်(ဘ)ဦးဗျိုင်း ၈/မမန(နိုင်)၁၅၆၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၈၁၂၆၂၂

### အမည်မှန်
ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ အ.ထ.က Grade-11(D) မှ အဘ ဦးတန်ဂျီး၏သမီး မပန်ဖို့ရာ၏အမည်မှန်မှာ မထွယ်ဆန်ဂျာ ၉/မကန(နိုင်)၁၉၂၃၂၇ ဖြစ်ပါကြောင်း။

**မထွယ်ဆန်ဂျာ**

### မွေးသက္ကရာဇ်အမှန်
မြောက်ဒဂုံမြို့နယ်၊ EDU Private School Grade-12 မှ အဘ ဦးဝင်းဇော်၏သမီး၊ မမြတ်နိုးအိမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၉-၂၀၀၆ ဖြစ်ပါကြောင်း။

**၂၈-၉-၂၀၀၆**

### ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ အ.ထ.က ပင်း Grade-12 မှ မစုမြတ်နှင်းဝေ၏ဖခင်အမည်မှန်မှာ ဦးငွေအောင် ၈/နမန(နိုင်)၁၁၇၅၈၁ ဖြစ်ပါကြောင်း။

**ဦးငွေအောင်**

### ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ အ.ထ.က ပင်း Grade-12 မှ မစုဝေနှင်း၏ဖခင်အမည်မှန်မှာ ဦးဗိုလ်ထွန်း ၈/နမန(နိုင်)၁၀၂၅၂၅ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ထွန်း**

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နယ်၊ လက်ခံရွာနေ မမေမေဆူး(ဘ)ဦးမြင့်ခိုင် ၇/ကတခ(နိုင်)၂၂၅၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပွန်တန်ဆာမြို့၊ အလက ကတုတ်ကြောင်လျှာဖြား၊ Grade-8 မှ မောင်မြတ်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းထွန်း ၇/ကဝန(နိုင်)၁၁၈၁၀၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းထွန်း**

### ပျောက်ဆုံးကြောင်း
စောလှဖြူ(ဘ)ဦးကျော်ထွန်းဦး ၁၁/ပဏက(နိုင်)၀၂၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၈၉၇၅၁၀

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပွန်တန်ဆာမြို့၊ အလက ကတုတ်ကြောင်လျှာဖြားကျောင်းတွင် ပညာသင်ယူနေသော Grade-7 မှ မောင်ဝသုန်မိုး၊ Grade-2 မှ မောင်ရှိုင်းထက်ကျော်၊ KG မှ မောင်သီဟထွန်းနှင့် မောင်သီဟနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်စွာ ၇/ညလပ(နိုင်)၁၂၉၉၉၄ ဖြစ်ပါကြောင်း။

**ဦးဝင်းကျော်စွာ**

### မိခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ) မဟာသာကျောင်း Grade-9 မှမခိုင်ခိုင်လင်း၏ မိခင်အမည်မှန်မှာ ဒေါ်နုနုဆွေ ၁၄/ဇလန(နိုင်)၀၀၂၉၀၁ ဖြစ်ပါကြောင်း။ **ဒေါ်နုနုဆွေ**

### ဖခင်အမည်မှန်
လယ်ဝေးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ မူလတန်းလွန်ကျောင်း Grade-4 မှ မောင်အောင်လင်းဖြိုး၏ဖခင်အမည်မှန်မှာ ဦးလင်းလင်း ၉/လဝန(နိုင်)၂၀၇၇၉၀ ဖြစ်ပါကြောင်း။

**ဦးလင်းလင်း**

### ပျောက်ဆုံးကြောင်း
ဇော်ထက်အောင်(ဘ)ဦးဂျဟန်ဂီရ် ၁၂/ပဘတ(နိုင်)၀၂၈၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၇၉၈၇၈

### ပျောက်ဆုံးကြောင်း
မဆိုင်းမိုင်(ဘ)ဦးတိန့်ခေါ ၁/မကန(နိုင်)၁၅၆၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရန်မျိုးနိုင်(ဘ)ဦးနိုင်အောင် ၁၂/မရက(နိုင်)၁၁၁၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၂၁၅၀၇၁၈

### ပျောက်ဆုံးကြောင်း
ဖြိုးရာဇာအောင်(ဘ)ဦးငွေအောင် ၇/ရတန(နိုင်)၁၂၀၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၂၈၂၈၄၈၇

### အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုရွာ၊ ကြယ်စင်မင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 မှ အဘ ဦးချစ်ကိုကို ၅/မရန(နိုင်)၂၂၆၈၆၀ ၏သမီး မအေးမီဖြူ၏အမည်မှန်မှာ မအေးမီကိုဖြစ်ပါကြောင်း။ **မအေးမီကို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အမက-မြေခြားတောင်မှ မူအုပ် ဒေါ်ခမ်းညိုညိုဝင်း၏ဖခင် ဦးအောင်ညို(ခ)ဦးဘညိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်ညို(ခ)ဦးဘညို**

### ပျောက်ဆုံးကြောင်း
ဖြူးမြို့၊ ရွာသစ်ရွာနေ နိုင်လင်းထွန်း(ဘ)ဦးလှသန်း ၇/ဖမန(နိုင်)၂၁၉၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ OIAC ကိုယ်ပိုင်အထက်တန်းကျောင်း၊ G-9 မှ မသဲနန္ဒာစု၏ ဖခင်အမည်မှန်မှာ ဦးလှဝင်း(ခ)ဦးဝီချဲ ၁၂/သလန(နိုင်)၀၇၄၉၂၃ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှဝင်း(ခ)ဦးဝီချဲ**


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျှက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER
99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း- ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ ဦးနှင့် အမျိုးသမီး ၄ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများအား လွှဲပြောင်းအပ်နှံစဉ်။

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ ဦးနှင့် အမျိုးသမီး ၄ ဦး၊ စုစုပေါင်း ၂၄ ဦးတို့သည် လက်နက်မျိုးစုံ ၈ လက်၊ **စာမျက်နှာ ၂၆ ကော်လံ ၁ ➢**



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ကလေးမြို့နယ်၊ ဖောင်ကူးကျေးရွာနှင့် တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ နရဥ္စရာချောင်းမှ ချောင်းရေလျှံခြင်းများဖြစ်ပေါ်ပြီး ဖောင်ကူးကျေးရွာအတွင်း ရုတ်တရက်ချောင်းရေများ ဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် အဆိုပါကျေးရွာမှ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများကို **စာမျက်နှာ ၂၀ ကော်လံ ၁ ➪**

## ဖြူးချောင်းရေအားလျှပ်စစ်စက်ရုံမှ တစ်ရက်လျှင် ၆၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေပြီး ရေဝင်ရောက်မှုပြည့်မီပါက ၈၀၀ မဂ္ဂါဝပ်အထိ တိုးထုတ်ပေးနိုင်

စာ - ၁၈ သို့

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ **စာမျက်နှာ ၂၉ ကော်လံ ၁ ➧**

# MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် PACIFIC SUN FAR အသင်း ရှုံးပွဲမရှိ ထိပ်ဆုံးမှဆက်လက်ဦးဆောင်

ရန်ကုန် စက်တင်ဘာ ၂

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှကျင်းပသည့် MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ



ပွဲစဉ်(၁၁)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ကျင်းပရာ PACIFIC SUN FAR အသင်းက ရှုံးပွဲမရှိဘဲ ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်ထားကြောင်း သိရသည်။

ယနေ့ယှဉ်ပြိုင်မှုတွင် ပွဲစဉ်ခြောက်ပွဲပါဝင်ပြီး နံနက်ပိုင်းပြိုင်ပွဲ အဆင့်(၈)နေရာမှ UNITED CITY အသင်းနှင့် အဆင့်(၉)နေရာမှ **စာမျက်နှာ ၂၉ ကော်လံ ၄ ➥**




## တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၂

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီမှစတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိအားကစားရုံ (A)၌ ကျင်းပသည်။

**စာမျက်နှာ ၂၉ ကော်လံ ၁ ▼**